# မြန်မာနိုင်ငံရှိပြောင်းရွှေ့ခြင်းကို ဖြေရှင်းပေးရန်အတွက် မူဘောင်

## ပြည်ပဒုက္ခသည်များနှင့်ရွှေ့ပြောင်းသွားလာသူများအတွက်အိမ်ရာနှင့်ပစ္စည်းဥစ္စာများကိုပြန်လည်အပ်နှင်းရန် ကုလသမဂ္ဂ 'PINHEIRO သဘောတရားနိယာမ'

မတ်လ ၂၀၁၇

Displacement Solutions

NRC Norwegian Refugee Council



# မြန်မာနိုင်ငံရှိပြောင်းရွှေ့ခြင်းကို ဖြေရှင်းပေးရန်အတွက် မူဘောင်

## ပြည်ပဒုက္ခသည်များနှင့်ရွှေ့ပြောင်းသွားလာသူ များအတွက်အိမ်ရာနှင့်ပစ္စည်းဥစ္စာများကိုပြန်လည်အပ်နှင်း ရန် ကုလသမဂ္ဂ ‘PINHEIRO သဘောတရားနိယာမ’

မတ်လ ၂၀၁၇


Displacement Solutions

NRC NORWEGIAN REFUGEE COUNCIL

# NRC မြန်မာနိုင်ငံညွှန်ကြားရေးမှူးမှ မိတ်ဆက်ခြင်း

အိမ်ရာ၊ မြေနှင့် စည်းစိမ်ဥစ္စာအခွင့်အရေးများသည် အခြေခံကျသောလူ့အခွင့်အရေးများဖြစ်ပြီး Norwegian Refugee Council အတွက် နိုင်ငံတကာတွင်ဦးစားပေးဆောင်ရွက်သော စည်းရုံးလှုံ့ဆော်မှုတစ်ခုဖြစ်သည်။ ပဋိပက္ခများပြီးဆုံးသည့်နောက်နှင့်ဒီမိုကရေစီအစိုးရမဟုတ်သော ကာလအပိုင်းအခြားပြီးစီးသွားသည့်နောက်တွင် အိမ်ရာ၊ မြေ နှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အခွင့်အရေးများသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုအတွက်အခြေခံကျသော ကဏ္ဍရပ်များဖြစ်ပြီးၚင်းတို့သည်အတင်းအကြပ်ရွှေ့ပြောင်းခံရသူများကို ကြာရှည်ခံသော ဖြေရှင်းနည်း ရရှိရန်အတွက် လိုအပ်သောအရာဖြစ်ပြီး ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ခြင်း နှင့် စီးပွားရေးပေါ်ကြွယ်ဂခြင်းနှင့် သက်ဆိုင်သည်များကို ကျယ်ပြန့်လာစေရန်ဖြစ်သည်။ မြန်မာနိုင်ငံ တွင်ရှိသော NRC ရုံးသည် လူတိုင်းပြန်လည်အပ်နှင်းရန်တောင်းဆိုမှုကို သင့်လျော်သော ယန္တရားနည်းလမ်းများရရှိရန် တိကျသေချာသော ပဋိပက္ခအပြီးပြန်လည်အပ်နှင်းခြင်းယန္တရား တည်ဆောက်ခြင်းအကျိုးကျေးဇူးအပေါ် စိတ်ဝင်စားမှုမြှင့်တက်စေရန်သည် လိုအပ်ပြီး အပြုသဘောဆောင်သည်ဟု ဆင်ခြင်မိပါသည်။

၂၀၁၆ တစ်နိုင်ငံလုံးမြေယာအသုံးပြုမှုနည်းဥပဒေ၏ အခန်း ၆ တွင် ပြန်လည်အပ်နှင်းခြင်း လုပ်ထုံးလုပ်နည်းကို မည်ကဲ့သို့လုပ်ဆောင်သင့်သည်အပေါ်တွင် အထွေထွေလမ်းညွှန်မှုပါရှိစဉ်တွင် ၁၅ ရက် အောက်တိုဘာ ၂၀၁၅ တွင် ထုတ်ပြန်သော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီရေးစာချုပ် တင်ကူးပြင်ဆင်စီမံချက်၏အပိုဒ် ၁ (တ)တွင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် နှင့်ပက်သက်သော ကိုးကားမှုအချို့ပါဝင်ပါသည်။ ထို့ပြင် လယ်ယာမြေများနှင့် အခြားသောမြေများ အသိမ်းခံရမှုများအတွက် စုံစမ်းစစ်ဆေးရေးကော်မတီကဲ့သို့ အလုပ်အဖွဲ့များကိုထင်ရှားအောင်မြင်သော ပြန်လည်အပ်နှင်းခြင်းများကို ပြောဆိုလုပ်ဆောင်နိုင်ရန်အတွက် တည်ထောင်ရခြင်းဖြစ်သည်။ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (INGOs) နှင့် အစိုးရမဟုတ်သော ဒေသခံအဖွဲ့အစည်းများ (local NGOs) အရေအတွက်အတော်များများသည် ယခုအချိန်တွင် ဒုက္ခသည်များ၊ နိုင်ငံအတွင်းရွှေ့ပြောင်းနေထိုင်သူများ နှင့် အတိတ်မှာတုန်းက မိမိ၏ သဘောဆန္ဒမပါဘဲပစ္စည်းဥစ္စာများယူဆောင်သွားခြင်းခံရသော အခြားသောတစ်ဦးချင်း ခံရသူများ ၏အခွင့်အရေးများကို ကာကွယ်ပေးရန်အတွက် စည်းရုံးလှုံ့ဆော်မှုများကို ပြုလုပ်နေပါသည်။ ဤကဲ့သို့သော ကြိုးစားအားထုတ်မှုများကို အားပေးသင့်ပါသည်။

ဤအကြောင်းပြချက်များကြောင့် Displacement Solution နှင့်တွဲလုပ်ကာ NRC သည် အိမ်ရာ၊ မြေနှင့် ပစ္စည်းဥစ္စာအခွင့်အရေးများကို ပြန်လည်ရရှိရန်အတွက် အလားအလာရှိသောရွေးချယ်မှုများအပေါ် နိုင်ငံတကာအပ်နှင်းခြင်းဆိုင်ရာ ကျွမ်းကျင်သူ စကော့လက်ကီ၏ အစီရင်ခံစာအကြမ်းကို ထောက်ခံပါသည်။ ဤအကြောင်းအရာသည် ညွှန်ပြခြင်းအတွက်သာမဟုတ်ဘဲ အမှန်ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသော လုပ်ဆောင်လျက်ရှိသော အရေးကြီးသော ဆွေးနွေးငြင်းခုန်မှုများကို အသိဉာဏ်ကြွယ်ဂစေရန်နှင့် အသိပေးစရန်ကိရိယာတစ်ခုအဖြစ် ဖြစ်စေပြီး ကြာရှည်သော ငြိမ်းချမ်းရေးနှင့် တစ်နိုင်ငံလုံးပြန်လည်သင့်မြတ်ရေးကိုပံ့ပိုးပေးနိုင်ရန် မျှော်လင့်မိပါသည်။

သတင်းအချက်အလက်၊ နှစ်သိမ့်ဆွေးနွေးမှုနှင့် တရားဥပဒေပိုင်းဆိုင်ရာအကူအညီ (ICLA) ပံပိုးကူညီပေးသော အဓိကအဖွဲ့ဖြစ်ကြသော (ဂျိုစဲအရာဇာ၊ ဗစ်ထိုးရီးယားလာရို့၊ ဆာဒီယာရန်နီ၊ ရည်စိုးနှင့် ဇော်ထွန်း)တို့ကိုလည်းကောင်း၊ ထို့အတူပင် ကျွန်တော်တို့၏ ICLA ဒေသတွင်းဝန်ထမ်းများဖြစ်သော (အိအိအောင်၊ ဖလော်ရာဂျူး၊ နော်ခင်သူ၊ စောတာလေးပွယ်၊ စောထွန်းနိုင်၊ ခင်မြတ်သူ နှင့် ပိုင်သူစိုး)တို့ကိုလည်းကောင်း၊ ရန်ကုန်ရှိ ကျွန်တော်တို့၏ အစီအစဉ်အဖွဲ့ဖြစ်သော (လော်ရာမာရှယ်နှင့် ကန်ဒရာဟက်ဘက်) နှင့် အော်စလိုရှိ အကြံပေးများဖြစ်သော (ဟက်ဂီမော့)တို့၏ ကြိုးစားအားထုတ်မှုကို ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။



ပရာစက်နိုက်

ညွှန်ကြားရေးမှူး

မတ်လ ၂၀၁၇

ဤစာချုပ်ထဲတွင် ရှင်းလင်းစွာဖော်ပြထားသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ရာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းသောနိယာမများကို ပြည်တွင်းပြည်ပ သက်ဆိုင်ရာ လုပ်ဆောင်နေသူအားလုံးကို ကူညီပြီးရွှေ့ပြောင်းနေရခြင်းသည်လူများကိုသူတို့၏သဘောဆန္ဒမပါပဲ သို့မဟုတ်မတရားစွာရင်းတို့၏ယခင် အိမ်ရာ၊မြေနေရာနှင့်ပစ္စည်းဥစ္စာသို့မဟုတ်အမြဲနေထိုင်လေ့ရှိသော နေရာများမှဖယ်ရှားခံရသောအခြေအနေများတွင်အိမ်ရာ၊မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း နှင့်သက်ဆိုင်သောတရားဥပဒေအရနှင့်နည်းပညာအရ အကြောင်းအရာများကိုဖော်ပြရန်အတွက် ရည်ရွယ်ထားပါသည်။

- Pinheiro နိယာမများ၏ နိယာမ ၁.၁

# မိတ်ဆက်ခြင်း

အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းသည်အတင်းအကြပ်ပြောင်းရွှေ့ခံရခြင်း၏အခြေအနေများကိုတရားမျှတစွာနှင့်အကျိုးပြုစွာရင် ဆိုင်နိုင်ရန်ရည်ရွယ်ထားကာငြိမ်းချမ်းခြင်းနှင့်ပြန်လည်သင့်မြတ်ခြင်းကြိုးစား ခြင်းအတွက် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအားဖြင့် နိုင်ငံတကာမှထောက်ခံကြေငြာခဲ့သော "ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ အတွက် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းနိယာမများ"ကို ယခုအခါတွင် များသောအားဖြင့် 'Pinheiro နိယာမများ' ဟူ၍သိကြသည်။ အဆိုပါနိယာမများသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေး အပေါ်တွင်အာမခံချက်ရှိသောကမ္ဘာလုံးဆိုင်ရာအနည်းဆုံးစံနှုန်းတစ်ခုဖြစ်သည်။[1]

Pinheiroနိယာမများသည်မှန်ကန်တိကျကြောင်းကိုယုံကြည်စိတ်ချနိုင်ပြီးဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများ၏ တိကျသောပြန်လည် အပ်နှင်းခြင်း အခွင့်အရေးများ အားလုံးပါဝင်သော အဆိုပြုချက်ဖြစ်သည့်အပြင် ပြည်သူအများရှာဖွေနေသောသူတို့၏ မူလအိမ်ရာ နှင့် မြေယာများ ထံ ပြန်သွားရန်နှင့်ပိုင်ဆိုင်မှုကိုပြန်လည်ရယူရန်နှင့် ပက်သက်သော အစိုးရများနှင့် အခြားသော ထိန်းချုပ်အုပ်ချုပ် သူများလိုက်နာဆောင်ရွက်ရမည့်တာဝန်များလည်းဖြစ်သည်။ သူတို့သည် ပြန်လည်အပ်နှင်းခြင်း လုပ်ငန်းစဉ်အားဖြင့် ရွှေ့ပြောင်းမှုများကို ဖြေရှင်းရာတွင် တည်ရှိနေပြီးသောလူအခွင့်အရေးများနှင့်ဥပဒေ စံနှုန်းများကိုတစ်ခုတည်းသော မူဘောင် အဖြစ်ပြန်လည်ပေါင်းစပ်ပြီး နိုင်ငံတကာဥပဒေနှင့်စံမူဘောင်များ ထပ်ထည့်ထားသည်။

နိုင်ငံတကာဥပဒေနိယာမများစုဖွဲ့ပေါင်းစပ်ထားသော Pinheiro နိယာမများပုံစံကို Pinheiro နိယာမ ၂.၁ အဆိုအရ "သူတို့၏စိတ်သဘော ဆန္ဒမပါဘဲသို့မဟုတ် တရားမျှတမှုမရှိစွာဖယ်ရှားခြင်းခံရသော သူတို့၏အိမ်ယာ၊ မြေယာ နှင့်(သို့မဟုတ်) ပစ္စည်းဥစ္စာတစ်မျိုးမျိုးကို

[1] Pinheiro နိယာမများ၏တရားဝင်စာကို အောက်ဖော်ပြပါ ကုလသမဂ္ဂ၏စာရွက်စာတမ်းများတွင် တွေ့ရှိနိုင်ပါသည်။
ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနေရပ်ပြန်ရေးအခြေအနေတွင်
အိမ်ရာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအပေါ်အထူးစုံစမ်းစစ်ဆေးရေးနောက်ဆုံးအစီရင်ခံစာ(E/CN.4/Sub.2/2005/17 and E/CN.4/Sub.2/2005/17/Add.1)

ပြန်လည်ရယူခွင့် သို့မဟုတ် လွတ်လပ်ပြီး ဘက်မလိုက်သောတရားရုံး မှဆုံးဖြတ်ထားသော အမှန်တကယ်ပြန်လည်ရယူရန် မဖြစ်နိုင်တော့သော အိမ်ရာ၊ မြေယာနှင့်(သို့မဟုတ်)ပစ္စည်းဥစ္စာတစ်မျိုးမျိုးအတွက်လျော်ကြေးရယူပိုင်ခွင့် "ဒုက္ခသည်များနှင့်ရွှေ့ပြောင်း နေထိုင်သူများတွင်ရှိကြောင်း သေချာစေရန်ရည်ရွယ်ထားပါသည်။အဆိုပါ အခွင့်အရေးများသည်မြန်မာနိုင်ငံ၏ ဥပဒေအတွင်းတွင် အပြည့်အဝ မပါဝင်သေး၊ ထိုအရာများကို လုပ်ဆောင်ဆဲရှိသော အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏စေ့စပ်ညှိနှိုင်းရေး လုပ်ဖော်ဆောင်ဖက်များကြားရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လည်း ပြည့်ပြည့်ဝဝအသုံးမချနိုင်သေးပါ။ Pinheiro နိယာမများသည် ဤအခြေအနေအတွင်းတွင် ပြန်လည်အပ်နှင်းခြင်း အကြောင်းအရာများကို ဖော်ပြရန်အတွက် အသုံးဝင်သောလမ်းညွှန်မှုကို ပေးစွမ်းနိုင်သည်။

ဒုက္ခသည်များနှင့်ရွှေ့ပြောင်းသူများအတွက် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အခွင့်အရေးများသည်နိုင်ငံတကာဥပဒေ၏ နယ်ပယ်များစွာရှိအဓိကနိယာမများထဲတွင်ခိုင်မြဲစွာအခြေတည်ထားသည်။ တရားဥပဒေဆိုင်ရာထင်မြင်ယူဆချက်အရ ပြန်လည်အပ်နှင်းခြင်းကို ရာစုနှစ်တစ်ခု ထက်ပိုသော တရားစီရင်မှုများစွာထဲတွင် တရားဝင်လုပ်ဆောင်ရမည့်တာဝန်များကို ဖောက်ဖျက်ခြင်း အတွက် အဓိကကျသော (တစ်ခါတစ်ရံ လိုလားသော) ပဋိညာဉ်တစ်ခုအဖြစ် အသုံးပြုခြင်းခံရသည်မှာ မှန်ပါသည်။

မရေတွက်နိုင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံဆုံးဖြတ်ချက်များသည် လွန်ခဲ့သောနှစ်ခြောက်ဆယ်ကျော်ကတည်းက အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အခွင့်အရေးများရှင်းလင်းစွာဖော်ပြထားမှုများကို အတည်ပြုခဲ့သည်။[2] မကြာသေးသော ဆယ်စုနှစ်အတွင်း နိုင်ငံတကာ လူ့အခွင့်အရေးအလုပ်အဖွဲ့နှင့်ပြည်တွင်းအဖွဲ့အစည်းအစုအဖွဲ့များသည်ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအားလုံး သူတို့၏နိုင်ငံများသို့လွတ်လပ်စွာပြန်သွားခွင့်နှင့် သိမ်းယူခြင်းခံခဲ့ ရသောသူတို့၏ နေအိမ်၊ မြေယာနှင့် ပစ္စည်းဥစ္စာများကို ပြန်လည်ရရှိခွင့် သို့မဟုတ် ပြန်လည်မရရှိနိုင်သော အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုများအတွက် လျော်ကြေးရရှိခွင့်ကို ပြန်လည်အတည်ပြုခဲ့သည်။ အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း နှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေးတိုးတက်အောင်မြင်ရေးကြားရှိ တိုက်ရိုက် ချိတ်ဆက်ထားသော နိုင်ငံတကာအသိုင်းအဝန်းအားလုံး၏ သဘောတူညီမှုသည် ငြိမ်းချမ်းရေး တည်ဆောက်သည်နည်းဗျူဟာ၏အဓိကကျသောအစိတ်အပိုင်းတစ်ခုအဖြစ် ယခုအခါတွင်ကျယ်ကျယ် ပြန့်ပြန့်သတ်မှတ်ထားခံရသော ပြန်လည်အပ်နှင်းခြင်းအခွင့်အရေးများအားဖြင့် ရွှေ့ပြောင်းခံရသူများကို ပေးအပ်သော လူ့အခွင့်အရေးပဋိညာဉ်များအတွက် ဖေးမထောက်ခံအားပေးပါသည်။ မကြာသေးသော ဆယ်စုနှစ်များတွင် ကိုလံဘီယာ၊ ဘော့စ်နီးယား-ဟာဇီဂိုးဗီးနား၊ ဂျော်ဂျီယာ၊ ကိုဆိုဗို နှင့် တာဂျစ်ကစ်စတန်အစရှိသော ပဋိပက္ခအပြီးအခြေအနေတွင်သော်လည်းကောင်း၊ တောင်အာဖရိက သို့မဟုတ် အီရတ်နိုင်ငံကဲ့သို့သော အာဏာရှင်နောက်ပိုင်းနိုင်ငံများတွင်သော်လည်းကောင်း၊ ချက်ရီပက်ဘလေ့၊ အက်စတိုးနီးယား၊ ဂျာမနီ၊ လက်ဗီးယားနှင့် အခြားသောနိုင်ငံများပါဝင်သော ကွန်မြူနစ်နောက်ပိုင်းနိုင်ငံများတွင်သော်လည်းကောင်ပြန်လည်အပ်နှင်းခြင်းအခွင့်အရေးများသည် အသိအမှတ်ပြုခံရပြီးဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲပြီးအတည်ပြုလာကြသည်။

လုပ်ငန်းစဉ်တွင် သန်းပေါင်းများစွာသော ယခင်ကတည်းကရွှေ့ပြောင်းနေထိုင်သူများသည် သူတို့၏ မူလအိမ်ရာ၊ မြေယာများနှင့် ပစ္စည်းဥစ္စာများထံသို့ ပြန်လည်ပိုင်ဆိုင်ရန်နှင့်ပြန်လည်နေထိုင်ရန်အတွက် ပြန်သွားနိုင်ရန် သို့မဟုတ် ပြန်လည်အပ်နှင်းခြင်းကို ပစ္စည်းများအရပြန်လည်ရယူရန်မဖြစ်နိုင်သောအခါ မျှတသော ကျေနပ်ဖွယ်ကောင်းသောလျော်ကြေးများကိုစွမ်းဆောင်နိုင်ခဲ့သည်။ အိမ်ရာ၊ မြေယာ နှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းသော အခွင့်အရေးများအပေါ် အခြားသောကိုယ်စားလှယ်များက ဤကမ္ဘာလုံးဆိုင်ရာ စံနှုန်းအသစ်၏ပေါ်ထွက်လာမှုကိုဖော်ပြစဉ်တွင် ဖြစ်နိုင်သည်မှာ နိုင်ငံအဆင့် ပြန်လည် အပ်နှင်းခြင်းအစီအစဉ်များ တစ်နေရာတည်းသို့စုစည်းခြင်းသည် ပြန်လည်အပ်နှင်းခြင်း အခွင့်အရေးကို အမှီလိုက်ရာတွင် နောက်တွင်ဂေးလံစွာကျန်ခဲ့နေရသူများ၏ ကျယ်ပြန့်သော ကမ္ဘာလုံးဆိုင်ရာအသိပညာပေးမှု၏ ကတိသစ္စာပြုမှုများနှင့်ပေါင်းစပ်ခြင်းများသည် Pinheiro နိယာမများကိုအတည်ပြုစဉ်တွင်နောက်တွင်ရှိသော တွန်းအားပေးနေသောအဓိကအရာများပင်ဖြစ်သည်။

အရေးကြီးသည်မှာ Pinheiro နိယာမများကို အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာများပြန်လည်အပ်နှင်းခြင်းနှင့် ပက်သက်သည့် ရှုပ်ထွေးသော တရားဥပဒေဆိုင်ရာ နှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို အကောင်းဆုံးဖော်ပြနိုင်ရန်အတွက်အုပ်ချုပ်သောအစိုးရများကို လက်တွေ့ကျသောလမ်းညွှန်မှုများပေးအပ်နိုင် ရန် ရည်ရွယ်ထားပါသည်။ မြန်မာနိုင်ငံအခြေအနေထဲတွင် Pinheiro နိယာများသည် အစိုးရ၊ စစ်တပ်နှင့် တိုင်းရင်းသားများ၏ စေ့စပ်ညှိနှိုင်းရေးလုပ်ဖော်ဆောင်ဖက်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နောက်ခံအခြေအနေအတွင်းနှင့်

[2] ဥပမာအားဖြင့် စကော့လက်ကီစာတမ်းပြုစုခြင်းတွင်ပါရှိသောသင့်လျော်သောပြန်လည်အပ်နှင်းခြင်းစံနှုန်းနှင့် ကြေငြာချက်ဖြင့်သော ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများ၏ အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အခွင့်အရေးအတွက်ဥပဒေများ၊ ဖြစ်ရပ်များနှင့် လိုအပ်သည့်အရာများ၊ Cambridge University Press, ၂၀၁၇

ရှေ့ဆက်ရမည့်ငြိမ်းချမ်းရေးသဘောတူညီချက်အတွင်း အိမ်ရာ၊ မြေယာများနှင့် ပစ္စည်းဥစ္စာကိစ္စရပ်များကို ဖော်ပြရန် အလားအလာရှိသော တရားမျှတသော နည်းလမ်းများကို ရှာဖွေရန် ကူညီပေးနိုင်သည်။

နိယာမများထဲရှိ အခန်း ၂-၄ (နိယာမ ၂-၁၀)သည်ရှိနေပြီးသားလူ့အခွင့်အရေးများကို ထပ်မံအတည်ပြုပြီး ထိုအရာများကို အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း၏ တိကျသော မေးခွန်းများအတွက် အသုံးချသည်။ နည်းဥပဒေရေးဆွဲသူများ နှင့် ပြည်လည်အပ်နှင်းခြင်း အခွင့်အရေးများကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောအခြားသောသူများသည် အခန်း ၅-၇ (နိယာမ ၁၁-၂၂)တွင် လမ်းညွှန်ချက်များကို ရှာဖွေနိုင်ပါသည်။ ဤအခန်းများတွင် နိယာမများသည် အုပ်ချုပ်သူအစိုးရများ လုပ်ဆောင်သင့်သည့် အိမ်ရာ၊ မြေယာများနှင့် ပစ္စည်းဥစ္စာများ ပြန်လည်အပ်နှင်းခြင်း လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့အစည်းများ၊ နှင့် ဤအရာများကို ရွှေ့ပြောင်းနေထိုင်သူအားလုံးရရှိရန်သေချာအောင်လုပ်ခြင်းအပေါ်တွင် အသေးစိတ်စီမံပြင်ဆင်ထားသည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အကြံဉာဏ်ပေးခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းသည်အရေးကြီးကြောင်းတွန်းအားပေးထားပြီးနောက်အိမ်ရာ၊မြေယာများနှင့်ပစ္စည်းဥစ္စာ မှတ်တမ်းမှတ်ရာများ၏နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များကိုချဉ်းကပ်နည်း၊မြေယာငှားရမ်း လုပ်ကိုင်သူ များ၏အခွင့်အရေးများနှင့်အခြားသောပိုင်ဆိုင်မှုမရှိသူများနှင့်ဒုတိယဝင်ရောက်နေထိုင်သူများ၏မေးခွန်း များ၏အဓိကအချက်များကိုဖော်ပြထားပါသည်။ ဥပဒေရေးရာလုပ်ငန်းစဉ်များ၊အတင်းအဓမ္မလုပ်ဆောင်စေ ခြင်းနှင့်ခွဲခြားဆက်ဆံခြင်းများကိုတားမြစ်သည့်ဥပဒေများ၊ပြန်လည်အပ်နှင်းခြင်းဆုံးဖြတ်ချက်များနှင့် စီရင်ချက် များကိုခိုင်မာစေခြင်း နှင့် လျော်ကြေးပေးသည့်ကိစ္စရပ်များကို ရှာဖွေတွေ့ရှိနိုင်ပါသည်။ နောက်ဆုံးပိုင်းတွင် နိယာမ၂၂ သည် ပြန်လည်အပ်နှင်းခြင်းအခွင့်အရေးကိုကာကွယ်ရန် နိုင်ငံတကာအသိုင်းအဝန်း၏တာဝန်များကို ဆွေးနွေးဖော်ပြထားပါသည်။

နိယာမများသည်သဘာဝအားဖြင့်အလုံးစုံပါဝင်မှုရှိသည်။ ထိုအရာတို့သည် ရွှေ့ပြောင်းနေထိုင်သည့် သဘာဝ တရားကိုမစဉ်းစားဘဲ အတင်းအဓမ္မသို့မဟုတ်တရားမျှတမှုမရှိဘဲနှင့် နဂိုမူလရွှေ့ပြောင်းမှု ဖြစ်ပေါ်ခဲ့သော အခြေအနေအဖြစ်အပျက်ပေါ်မမူတည်ဘဲ ရွှေ့ပြောင်းခံနေရသူအားလုံးအတွက် အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် နိယာမများနှင့်အသုံးပြုနိုင်ရေးအတွက် အရေးပါသော ရွှေ့ပြောင်းနေထိုင်ရခြင်းအကြောင်း ပြချက်ပေါ်တွင် အခြေမခံဘဲအတင်းအဓမ္မ သို့မဟုတ် တရားမျှတမှုမရှိစွာ ပစ္စည်းဥစ္စာမပိုင်ဆိုင်ရသည့် အပြုအမူများ ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် နိယာမများသည် လှုပ်ရှားမှုထက် လုပ်ထုံးလုပ်နည်းကို အာရုံစိုက်ပြီး ထိုအရာများသည် တစ်ဦးတစ်ယောက်ချင်းမျှော်လင့်ထားသောအခြေအနေထက် ရလဒ်အခြေအနေကို ဇဟိုထားသည်။ ထိုအရာတို့သည့် ဤအဓိပ္ပါယ်ထဲတွင်ရှိသည်၊ နိုင်ငံ၏နယ်စပ်ကို ဖြတ်ကျော်ထွက်ပြေးကြသောဒုက္ခသည်များ၊ ပြည်တွင်းရွှေ့ပြောင်းသူများ နှင့် ဒုက္ခသည်ဟူသော တရားဝင်အဓိပ္ပါယ်နှင့်မဆက်စပ်သောအခြားသောတူညီသည့်အခြေအနေရှိသောရွှေ့ပြောင်းသူများကို ထောက်ခံလက်ခံခြင်းဖြင့် နိယာမများသည် အလုံးစုံပါဝင်ပြီး မြန်မာနိုင်ငံ၏အခြေအနေတွင် တိုက်ရိုက်သော်လည်းကောင်း ကျယ်ပြန့်၍သော်လည်းကောင်း ဆက်စပ်သည်။

နိယာမများသည် နေရပ်ပြန်ခွင့်ကို ထပ်မံအတည်ပြုပေးသော်လည်း သူတို့သည် စုပေါင်းနေရပ်ပြန်ခွင့်ကို ဦးတည်ထားရာမှ တစ်ဦးတစ်ယောက်ချင်းစီအတွက် ပြန်လည်အပ်နှင်းခြင်းအခွင့်အရေးနှင့် ပွင့်လင်းမြင်သာနေသော တာဝန်ခံမှုရှိသော အခွင့်အရေးကိုအခြေခံသည့် တရားမျှတမှုကို ချဉ်းကပ်သောနည်းလမ်းကို တည်ဆောက်ရန်ရှာဖွေခြင်းအားဖြင့် အခွင့်အရေးရှိသော တစ်ဦးတစ်ယောက်ချင်းစီအတွက်မှုအရေးပါသည်။

နိယာမအဆိုအရ စစ်ပွဲ၊ လူ့အခွင့်အရေးအလွဲသုံးစားပြုလုပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြောင့်မဟုတ်ဘဲ ဘေးအန္တရာယ်များကြောင့်လည်း မဟုတ်သော်လည်း အတင်းအဓမ္မသို့မဟုတ် တရားမျှတမှုမရှိဘဲရရှိထားသည့် အရာများ၊ အများပြည်သူသုံးပစ္စည်းများကိုယူဆောင်ခြင်းသို့မဟုတ် အိမ်ရာနှင့်လယ်ယာများကို ဖျက်ဆီးခြင်း အကြောင်းအရာများသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသူများဆက်လက်ပြီး အခွင့်အရေးများရယူရန်များကို တရားဥပဒေဘောင်အတွင်း လုပ်ဆောင်ရန်အတွက် သူတို့ကိုယ်တိုင်က တရားမျှတသော အုတ်မြစ်များ ဖြစ်ကြသည်။ ရှိနေပြီးသော နိုင်ငံတကာဥပဒေ၊ နည်းဥပဒေနှင့်အကောင်းဆုံးလက်တွေ့ လုပ်ဆောင်မှုများသည် ခိုင်ခိုင်မြဲမြဲ တည်ဆောက်ထားသောကြောင့် နိယာမများသည် နိုင်ငံတော်နှင့် နိုင်ငံတကာ အသိုင်းအဝန်းနှင့်အဓိက သက်ဆိုင်သော အကြောင်းအရာများဖြစ်သော အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း၏အခြေခံ သဘာဝနှင့်အလုံးစုံဖြစ်သော ကြာရှည်သောငြိမ်းချမ်းရေးနှင့် တည်မြဲသောဖွံ့ဖြိုးတိုးတက်မှုအခြေခံကျသော သဏ္ဍာန်များကဲ့သို့ အသိအမှတ်ပြုရန်ဖြစ်သည်။

..........................................................................................................................................

Displacement Solutions နှင့် Norwegian Refugee Council တို့သည် မြန်မာနိုင်ငံရှိ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းသူများအားလုံးကို Pinheiro နိယာမများထဲတွင်တွေ့ရသော စံနှုန်းများကို သူတို့နှင့်ရင်းနှီးမှုရှိစေရန်နှင့် ဆက်လက်ပြီး သူတို့၏နေထိုင်လေ့ရှိသောနေရာများသို့ ပြန်သွားနိုင်ရန် ရှာဖွေနေချိန်တွင် သူတို့၏သီးခြား အိမ်ရာ၊ မြေယာများနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးကို အခိုင်အမာပြောဆိုရန်တိုက်တွန်းလိုပါသည်။

ထို့အတူပင် မြန်မာနိုင်ငံရှိအစိုးရအားလုံးကို Pinheiro နိယာမများကို ပြန်လည်သုံးသပ်ရန်နှင့် ပြန်လည်အပ်နှင်းခြင်းကိုတောင်းဆိုခြင်းနှင့်အတူ လူတိုင်းအတွက် သူတို့၏အပြည့်အဝအကောင်အထည်ဖော်မှု ကိုသေချာစေရန်အတွက်နည်းလမ်းများတည်ဆောက်ရန်တိုက်တွန်းလို ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းအား ဖြင့် တာရှည်ခိုင်မြဲသောပြန်လည်သင့်မြတ်ခြင်းနှင့် ငြိမ်းချမ်းရေးအုတ်မြစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

# ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များအတွက်အိမ်ရာနှင့်ပစ္စည်းဥစ္စာ များကိုပြန်လည်အပ်နှံခြင်းအပေါ် ကုလသမဂ္ဂ(‘Pinheiro’)နိယာမများ (၂၀၁၅)[3]

## နိဒါန်း

**အသိအမှတ်ပြုခြင်းကို** ကမ္ဘာတစ်ပှမ်းရှိသန်းပေါင်းများစွာသော ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်း ဒုက္ခများသည် စိတ်မချရသော မသေချာသောအခြေအနေထဲတွင် ဆက်လက်နေထိုင်ရန် နှင့် အဆိုပါ ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်း ဒုက္ခများအားလုံးတွင် သူတို့၏မူလသို့မဟုတ် အရင်ကနေထိုင်ဖူးသောအိမ်ရာနှင့် မြေများထံသို့ လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ကိုယ့်စိတ်သဘောအတိုင်း နေရပ်သို့ပြန်သွားနိုင်ခွင့်ရှိသည်။

**လေးနက်စေခြင်းကို** လုံခြုံစွာနှင့်ဂုဏ်သိက္ခာရှိစွာနေရပ်ပြန်ခြင်းသည် လွတ်လပ်ခြင်း၊ သတင်းပေးခြင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ ရွေးချယ်မှုများအပေါ်တွင်မူတည်ရမည်ဖြစ်ပြီး အဆိုပါ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များကို ရုပ်ပိုင်းဆိုင်ရာ၊ လိုအပ်သောအရာများနှင့် တရားဥပဒေအရလုံခြုံရေး အတွက် အကြောင်းအရာများကို ပြည့်စုံသော ရည်ရွယ်ချက်ရှိသော အချိန်နှင့်တပြေးညီ တိကျသော သတင်းအချက်အလက်များကိုပေးသင့်ပါသည်။

**ထပ်မံအတည်ပြုပေးခြင်း**ကိုဒုက္ခသည်များနှင့်ရွှေ့ပြောင်းအမျိုးသမီးများနှင့် မိန်းကလေးများ၏အခွင့်အရေးများ နှင့်သူတို့၏အခွင့်အရေးများဖြစ်သောအိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းများကိုအာမခံကြောင်းသေချာအောင်လုပ်ပေးနိုင်သည့်အပြုသဘောဆောင်သောလုပ်ငန်းစဉ်ကိုတာဝန်ယူဆောင်ရွက်ရန်လိုအပ် ကြောင်း ကိုအသိအမှတ်ပြုရမည်။

**ကြိုဆိုလက်ခံခြင်း**ကိုဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းသူများ၏ပြန်လည်အပ်နှင်းခြင်းအခွင့်အရေးများကို သေချာအောင်လုပ်ရန်အတွက် လွန်ခဲ့သောနှစ်အနည်းငယ်ကတည်ထောင်ခြင်းခံရသောပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်အတူအိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးကိုအသိအမှတ်ပြုပြီးအခိုင်အမာရပ်တည်သောပြည်တွင်းပြည်ပဥပဒေများ၊စံနှုန်းများ၊မူဂါဒထုတ်ပြန်ချက်များ၊သဘောတူညီချက်များနှင့်လမ်းညွှန်ချက်များတွင် ပါရှိရမည်။

**လက်ခံယုံကြည်စေခြင်း**သည်ပဋိပက္ခများဖြေရှင်းရန်နှင့်ပဋိပက္ခအပြီးငြိမ်းချမ်းရေးတည်ဆောက်ရာအတွက်၎င်း၊လုံခြုံပြီးရေရှည်အကျိုးရှိသောပြန်သွားခြင်းနှင့်တရားဥပဒေစိုးမိုးရေးကိုဖော်ဆောင်ခြင်းအတွက်၎င်းအိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးသည်ပဓာနကျကြောင်းနှင့်ဂရုတစိုက်စောင့်ကြည့် လေ့လာနေရသောပြန်လည်အပ်နှင်းခြင်းအစီအစဉ်များသည်နိုင်ငံတကာအဖွဲ့အစည်းများနှင့်အကျိုးသက်ရောက်စေသောနိုင်ငံများအတွက်သူတို့၏ထိရောက်သောအကောင်အထည်ဖော်မှုကိုသေချာစေရန်မရှိမဖြစ်လိုအပ် သောအရာဖြစ်သည်။

**လက်ခံယုံကြည်စေခြင်း**ကိုတရားမျှတမှုကိုပြန်လည်ရယူသောသော့ချက်ဖြစ်သည့်အောင်မြင်သောအိမ်ရာ ၊မြေယာနှင့်ပစ္စည်းဥစ္စာ ပြန်လည်အပ်နှင်းခြင်းအစီအစဉ်များကိုလည်းရှေ့အနာဂတ်တွင်ဖြစ်နိုင်သည့်ရွှေ့ပြောင်း ရသည့် အခြေအနေများကို ထိရောက်စွာတားမြစ်ရန်အတွက်နှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ဝင်ရောက်ကူညီပေးရန်တို့ဖြစ်သည်။

[3] ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနေရပ်ပြန်ရေးအခြေအနေတွင် အိမ်ရာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအပေါ် အထူးစုံစမ်းစစ်ဆေးရေးနောက်ဆုံးအစီရင်ခံစာ(E/CN.4/Sub.2/2005/17 and E/CN.4/Sub.2/2005/17/Add.1)ကိုကြည့်ရန်။ ဤစာတမ်းတွင် ပြန်လည်အပ်နှင်းခြင်းဖြင့်လူ့အခွင့်အရေးကိုကာကွယ်ရန်နှင့်မြှင့်တင်ရန် ၁၁ ဩဂုတ်လ ၂၀၀၅၏ ၂၀၀၅/၂၁ ရှိကုလသမဂ္ဂ၏ကော်မရှင်အဖွဲ့ခွဲ၏အတည်ပြုချက်ဖြင့်ကုလသမဂ္ဂမှတရားဝင်ထုတ်ပြန်ထားသော ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများအတွက်အိမ်ရာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းနိယာမများပါဝင်ပါသည်။

# အခန်း ၁ - ရည်ရွယ်ချက် နှင့် လျှောက်ထားခြင်း

## ၁. ရည်ရွယ်ချက် နှင့် လျှောက်ထားခြင်း

၁.၁ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းသူများအတွက်အိမ်ရာ နှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အပေါ်နိယာမများ ကိုဤနေရာ၌ရှင်းလင်းစွာဖော်ပြထားသည်မှာရွှေ့ပြောင်းရမှုကြောင့်လူအများသူတို့၏အိမ်ရာဟောင်းများ၊ မြေယာများ၊ ပစ္စည်း ဥစ္စာများ သို့မဟုတ် ပုံမှန်နေထိုင်လေ့ရှိသည့်နေရာများမှ အတင်းအဓမ္မသို့မှုတ် မတရားစွာစွန့်ခွာသွားရသောအခြေအနေမျိုးတွင် အိမ်ရာ၊ မြေယာ နှင့် ပစ္စည်းဥစ္စာများပြန်လည်အပ်နှင်းခြင်းနှင့်ပက်သက်သည့် တရားဥပဒေဆိုင်ရာ နှင့် နည်းပညာဆိုင်ရာကိစ္စများကိုဖော်ပြရာတွင် ပြည်တွင်း ပြည်ပရှိသက်ဆိုင်သည့်လုပ်ဆောင်သူ အားလုံးကို ကူညီပေးရန် စီစဉ်ရေးဆွဲထားခြင်းဖြစ်သည်။

၁.၂ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းသူများအတွက်အိမ်ရာ နှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အပေါ်နိယာမများ သည်ဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းသူများနှင့်သဘာဝတရားကြောင့်ဖြစ်စေ၊အခြေအနေတစ်ခုခုကြောင့်ဖြစ်စေရွှေ့ပြောင်းမှုတစ်ခုခုကိုဖြစ် စေသောကြောင့်အဆိုပါသူတို့၏ယခင်အိမ်ရာများ၊မြေယာ များ၊ပစ္စည်းဥစ္စာများသို့မဟုတ်နေမြဲနေရာများမှအတင်းအဓမ္မသို့မဟုတ်တရားမျှတမှု မရှိစွာရုပ်သိမ်းခြင်းခံရပြီး ပြည်တွင်းနယ်စပ်ကိုဖြတ်ကျော်ကာရွှေ့ပြောင်းရသောပုံစံတူအခြေအနေရှိသော်လည်းဒုက္ခသည်ဟူသောတရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်မကိုက်ညီသူများအားလုံးအပေါ်တွင်သက်ရောက်မှုရှိပါသည်။

# အခန်း ၂ - အိမ်ရာနှင့်ပစ္စည်းဥစ္စာ ပြန်လည်အပ်နှင်းခြင်းအခွင့်အရေး

## ၂. အိမ်ရာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေး

၂.၁ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်ရသူအားလုံးတွင်အတင်းအဓမ္မသို့မဟုတ်မတရားစွာ သိမ်းယူခံရသောအိမ်ရာ၊မြေယာ နှင့် (သို့မဟုတ်)ပစ္စည်းဥစ္စာများတစ်မျိုးမျိုးပြန်လည်ရယူပိုင်ခွင့် သို့မဟုတ် လွတ်လပ်ပြီးသမာသမတ်ကျသောတရားရုံးမှ ဖြတ်ချက်အရ အခြေအနေ အားဖြင့်ပြန်လည် ရယူရန်မဖြစ်နိုင်သောအိမ်ရာ၊မြေယာနှင့်(သို့မဟုတ်)ပစ္စည်းဥစ္စာများအတွက်လျော်ကြေးပြန်လည်ရယူခွင့်ရှိသည်။

၂.၂ နိုင်ငံတော်သည်ပြန်လည်အပ်နှင်းခြင်းအခွင့်အရေးကို ရွှေ့ပြောင်းနေထိုင်သူများအတွက် တရားဥပဒေအရဖြစ်သင့်ဖြစ်ထိုက်သော ရပိုင်ခွင့်နှင့်တရားမျှတမှုကိုပြန်လည်ယူဆောင်သောသော့ချက် အဖြစ်လက်တွေ့ဦးစားပေးရမည်။ပြန်လည်အပ်နှင်းခြင်းအခွင့်အရေးသည်ထူးခြား ကွဲပြားသောအခွင့် အရေးတစ်ခုအဖြစ်တည်ရှိပြီးအိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းခံစားပိုင်ခွင့်အတွက်ဒုက္ခသည်များနှင့် ရွှေ့ပြောင်း နေထိုင်သူများရှိ အမှန်တကယ်နေရပ်ပြန်သူဖြစ်စေ သို့မဟုတ် မပြန်သူဖြစ်စေ ဘက်လိုက်ဆုံးဖြတ်ခြင်းမရှိစေရ။


ဓါတ်ပုံ (ဂျူစဲအရာဇာ) - စပါးခင်း၊ တန်သာရီတိုင်းဒေသကြီး၊ မြန်မာနိုင်ငံ

၃.၁ လူတိုင်းသည်အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေး (သို့မဟုတ်) အခြားသောအမြင်များ၊ နိုင်ငံတော်၊ မူလအတိုင်းတည်ရှိနေသော လူမှုရေး၊ ပစ္စည်းဥစ္စာ၊ မသန်စွမ်းမှု၊ မွေးနေ့ (သို့မဟုတ်) အခြားသော အဆင့်အတန်း နှင့်လူမျိုးအပေါ်အခြေခံသော ခွဲခြားဆက်ဆံမှုမှ ကာကွယ်ရန် အခွင့်အရေးရှိသည်။

၃.၂ နိုင်ငံများသည် ဖြစ်ရပ်မှန်ဖြစ်သော နှင့်တရားဝင်ဖြစ်သော ခွဲခြားဆက်ဆံမှု အခြေခံအပေါ်ပိတ်ပင်တားမြစ်ခံရခြင်းနှင့် ပိတ်ပင်တားမြစ်ခံရသောလူများတွင် ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်သူများ ပါဝင်၍ ထိုသူများသည် ဥပဒေမပြုမီ ညီမျှမှုရှိစေရန် ထည့်သွင်းစဉ်းစားခြင်းခံထားရကြောင်းကို သေချာအောင်ပြုလုပ်သင့်သည်။

## ၄။ အမျိုးသမီးများနှင့်အမျိုးသားများအကြား တန်းတူညီမျှမှုရှိပိုင်ခွင့်

၄.၁ နိုင်ငံများသည် အမျိုးသမီးနှင့် အမျိုးသားတို့၏ ညီမျှသောအခွင့်အရေးနှင့် မိန်းကလေးနှင့်ယောကျာ်းလေးတို့၏ အိမ်ယာ၊ မြေနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှံခြင်းနှင့်ပက်သတ်၍ ညီမျှသောအခွင့်အရေးရှိကြောင်း ကိုသေချာအောင်ပြုလုပ်သင့်သည်။ နိုင်ငံများသည် အမျိုးသမီးနှင့် အမျိုးသားတို့၏ ညီမျှသောအခွင့်အရေးနှင့် မိန်းကလေးနှင့်ယောကျာ်းလေးတို့၏ အခွင့်အရေး၊ အခြားအရာဝတ္ထုများအကြားတွင် လုံခြုံပြီး ဂုဏ်သိက္ခာရှိရှိ စေတနာအလျောက်ပြန်သွားရန်၊ အဆောက်အဦးပိုင်ဆိုင်ခြင်း၏ တရားဝင်လုံခြုံရေး၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ အမွေခွဲဝေမှုကို ညီညီမျှမျှ ရပိုင်ခွင့်ရှိသကဲ့သို့ အိမ်ယာ၊ မြေနှင့် ပစ္စည်းဥစ္စာ အသုံးပြုခြင်း၊ ထိန်းချုပ်ခွင့်ရှိခြင်းတို့ကိုလည်း သေချာအောင်ပြုလုပ်သင့်သည်။

၄.၂ နိုင်ငံများသည် ၎င်းတို့၏အိမ်ယာ၊ မြေနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှံခြင်း အစီအစဉ်များ၊ မူဝါဒများနှင့် ကျင့်သုံးမှုများသည် ပြန်လည်အပ်နှံခြင်း လုပ်ငန်းစဉ်၏ ရှင်းလင်းသော အစိတ်အပိုင်းအနေဖြင့် အိမ်ထောင်စုကိုဦးဆောင်သော အမျိုးသမီးနှင့် အမျိုးသားတို့၏ နှစ်ဦးနှစ်ဖက် ပိုင်ဆိုင်မှုအခွင့်အရေးများ အသိအမှတ်ပြုထားကြောင်းကို သေချာအောင်ပြုလုပ်သင့်ပြီး ၎င်းပစ္စည်းဥစ္စာပြန်လည်အပ်နှံခြင်း အစီအစဉ်များ၊ မူဝါဒများနှင့် ကျင့်သုံးမှုများသည် ကျားမခွဲခြားမှုအပေါ်ခံစားမှု ချဉ်းကပ်ခြင်းကို တုန့်ပြန်ပါသည်။

၄.၃ နိုင်ငံများသည် ၎င်းတို့၏အိမ်ယာ၊ မြေနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှံခြင်း အစီအစဉ်များ၊ မူဝါဒများနှင့် ကျင့်သုံးမှုများသည် မိန်းကလေးများနှင့်အမျိုးသမီးများအပေါ် ဆိုးကျိုးမရှိကြောင်းကို သေချာအောင်ပြုလုပ်သင့်သည်။ နိုင်ငံများသည် ဤတာဝန်တွင် ကျားမတန်းတူညီမျှမှုကို သေချာအောင်ပြုလုပ်ရန် အပြုသဘောဆောင်သော တိုင်းတာမှုများကို သဘောတူလက်ခံသင့်သည်။

## ၅။ ရွှေ့ပြောင်းခံရမှုမှ ကာကွယ်ရန်အခွင့်အရေး

၅.၁ လူတိုင်းတွင် ၎င်းတို့၏အိမ်၊ မြေ (သို့မဟုတ်) နေထိုင်နေကျနေရာမှ ကျပန်းနေထိုင်ရာနေရာ ရွှေ့ပြောင်းခံရမှု ဆန့်ကျင်ခြင်းကို ကာကွယ်ရန် အခွင့်အရေးရှိသည်။

၅.၂ နိုင်ငံများသည် ရွှေ့ပြောင်းခံရမှု ဆန့်ကျင်ခြင်းကိုကာကွယ်ခြင်းမှ အိမ်တွင်းသုံးတရားဥပဒေပြုရေး၊ အပြောင်းအလဲမရှိသော နိုင်ငံတကာ လူ့အခွင့်အရေးများနှင့် လူသားတို့၏ ဘဝသက်သာချောင်ချိမှုနှင့် သက်ဆိုင်သောဥပဒေ၊ ပုံမှန်လူနေမှုအဆင့်အတန်းများကို ပါဝင်ဖွဲ့စည်းသင့်ပြီး နိုင်ငံများသည် ဤကာကွယ်မှုများကို ထိရောက်မှုရှိသော ထိန်းချုပ်မှု(သို့မဟုတ်) ၎င်းတို့၏တရားဝင် တရားစီရင်ပိုင်ခွင့် အတွင်း လူတိုင်းဆီသို့ ဤကာကွယ်မှုများကို ချဲ့ထွင်သင့်သည်။

၅.၃ နိုင်ငံများသည် အတင်းအကျပ်နှင်ထုတ်ခြင်း၊ အိမ်ယာများကိုဆွဲချ ဖျက်ဆီးခြင်း၊ စိုက်ပျိုးမြေများကိုဖျက်ဆီးခြင်း၊ တစ်ဖက်သတ် နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းယူခြင်း (သို့မဟုတ်) အလွန်ပြင်းထန်သော အထူးကိစ္စတစ်ရပ်အတွက်လုပ်ဆောင်ချက် တစ်ခုအနေဖြင့် လယ်ယာမြေများသိမ်းယူခြင်း (သို့မဟုတ်) ပိုင်ဆိုင်သောငွေကြေးများအားသိမ်းယူခြင်း (သို့မဟုတ်) စစ်ပွဲဖြစ်စေသောနည်းလမ်းများကို တားမြစ်သင့်သည်။

၅.၄ နိုင်ငံများသည် ပြည်နယ် (သို့မဟုတ်) ပြည်နယ်အတွင်းမဟုတ်သောသူများ အားဖြင့် မည်သူမျှရွှေ့ပြောင်းရန်အကြောင်း ကိစ္စမရှိကြောင်းကို သေချာအောင်ပြုလုပ်ရန် လုပ်ရပ်များကို လုပ်ဆောင်သင့်သည်။ နိုင်ငံများသည် တစ်ဦးချင်းသော်လည်းကောင်း၊

မြို့ကိုအုပ်ချုပ်ရန်ရွေးချယ်ထားသည့်လူအုပ်စုနှင့် ၎င်းတို့၏တရားဝင် တရားစီရင်ပိုင်ခွင့်အတွင်း အခြားသော တစ်သီးတစ်ခြားလွတ်လပ်စွာ ရပ်တည်သောအရာများ၊ (သို့မဟုတ်) ထိရောက်မှုရှိသော ကြီးကြပ်ထိန်းသိမ်းမှုကို အဝေးသို့ဖယ်ရှားပစ်ခြင်း တစ်နည်းအားဖြင့် ရွှေ့ပြောင်းခြင်း တွင်ပါဝင်ဆောင်ရွက်နေကြောင်းကို သေချာအောင်ပြုလုပ်သင့်သည်။

## ၆. ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့်အိမ်အပေါ်လေးစားခြင်း

၆.၁ လူတိုင်းတွင်မိမိတို့၏ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့်မိမိတို့၏အိမ်ကိုအတင်းအဓမ္မသို့မဟုတ်ဥပဒေ ကြောင်းကျိုးမဲ့စွာဝင်ရောက်စွက်ဖက်မှုကို တားဆီးပိုင်ခွင့်ရှိသည်။

၆.၂ နိုင်ငံတော်သည် သူ(သို့)သူမ၏ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့်သူ(သို့မဟုတ်)သူမ၏အိမ်ကို အတင်းအဓမ္မ သို့မဟုတ် ဥပဒေကြောင်း ကျိုးမဲ့စွာဝင်ရောက်စွက်ဖက်မှုကိုတားဆီးရန်လူတိုင်းအတွက်ကာကွယ်ပေးသည့် လိုအပ်သောနည်းလမ်းကိုပေးအပ်ထားကြောင်းကို သေချာ အောင်ပြုလုပ်ရမည်။

## ၇. ငြိမ်းချမ်းပျော်ရွှင်စွာပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်

၇.၁ လူတိုင်းတွင် မိမိတို့၏ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအပေါ်တွင်ငြိမ်းချမ်းပျော်ရွှင်စွာခံစားခွင့်ရှိသည်။

၇.၂ နိုင်ငံတော်သည်နည်းဥပဒေအရဖြစ်စေ၊နိုင်ငံတကာဥပဒေ၏အထွေထွေနိယာမများအရဖြစ်စေ ပေးအပ်ထားသောအခြေအနေတွင် ရှိသောအများပြည်သူအကျိုးအတွက်နှင့်အကြောင်းအရာအတွက်သာလျှင် ပစ္စည်းဥစ္စာသုံးစွဲခွင့်နှင့်ပျော်ရွှင်စွာခံစားခွင့်ကိုထိန်းချုပ်နိုင်သည်။ ဘယ်အခြေအနေတွင်မဆိုဖြစ်နိုင်လျှင် 'လူမှုအသိုင်းအဝိုင်း၏အကျိုး' သည် ငြိမ်းချမ်းပျော်ရွှင်စွာပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ယာယီသို့မဟုတ် ကန့်သတ်သောဝင်ရောက်စွက်ဖက်မှုဟူ၍ ကန့်သတ်စွာပြဌာန်းပေးသင့်သည်။

## ၈. ပြည်စုံလုံခြုံသောအိမ်ရာပိုင်ဆိုင်ခွင့်

၈.၁ လူတိုင်းတွင်ပြည့်စုံလုံခြုံသောအိမ်ရာပိုင်ဆိုင်ခွင့်ရှိသည်။

၈.၂ နိုင်ငံတော်သည် ပြည့်စုံလုံခြုံမှုမရှိသောအိမ်တွင်နေထိုင်ရသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသူများ၏ အခြေအနေကိုလျော့ပါးစေရန်ရည်ရွယ်သော အပြုသဘောဆောင်သောချင့်ချိန်လုပ်ငန်းစဥ်များကိုဖော်ဆောင် ပေးသင့်သည်။

## ၉. လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်

၉.၁ လူတိုင်းတွင်လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ရှိပြီး မိမိတို့နေထိုင်မည့်အရပ်ဒေသကိုရွေးချယ်ပိုင်ခွင့်ရှိ သည်။မည်သူတစ်ဦး တစ်ယောက်ကိုမျှအတင်းအဓမ္မသို့မဟုတ်ဥပဒေကြောင်းကျိုးမဲ့စွာ သီးခြား ပိုင်နက်၊ နေရာ သို့မဟုတ် ဒေသတွင် အတင်းအဓမ္မ ကျန်ရစ်နေထိုင်ရန်မတိုက်တွန်းရပါ။ ထိုနည်းတူစွာပင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတင်းအဓမ္မသို့မဟုတ် ဥပဒေကြောင်းကျိုးမဲ့စွာ သီးခြားပိုင်နက်၊ နေရာ သို့မဟုတ် ဒေသတွင် အတင်းအဓမ္မထွက်ခွာသွားရန်မတိုက်တွန်းရပါ။

၉.၂ နိုင်ငံတော်သည် နိုင်ငံတကာလူ့အခွင့်အရေးများ၊ ဒုက္ခသည်နှင့်လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့် ဆက်စပ်သောစံနှုန်းများ နှင့်ညီညွတ်သော နိုင်ငံတော်၏လုံခြုံရေး၊ ပြည်သူ့သဘောထား၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် အကျင့်သိက္ခာစာရိတ္တ သို့မဟုတ် အခြားသူများ ၏အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို ကာကွယ်ရန်လိုအပ်သောအခါ ဥပဒေအရပေးအပ်ထားသောအရာများမှတပါး လွတ်လပ်စွာသွားလာခွင့် နှင့် တစ်ဦးတစ်ယောက်နေထိုင်ရန်နေရာဒေသရွေးချယ်ခွင့်အပေါ်မည်သည့်ကန့်သတ်မှုမှမရှိစေရန် သေချာအောင်လုပ်ပေးရမည်။

# အခန်း ၄ - လုံခြုံစွာနှင့်သိက္ခာရှိစွာ မိမိနေရပ်သို့မိမိသဘောဆန္ဒဖြင့် ပြန်သွားခွင့်

## ၁၀. လုံခြုံစွာနှင့်သိက္ခာရှိစွာမိမိနေရပ်သို့မိမိသဘောဆန္ဒဖြင့် ပြန်သွားခွင့်

၁၀.၁ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူအားလုံးတွင် မိမိတို့ယခင်ကနေထိုင်ခဲ့သောအိမ်ရာများ၊ မြေယာများ သို့မဟုတ် နေလေ့ရှိသည့်နေရာများသို့ လုံခြုံစွာနှင့်သိက္ခာရှိစွာမိမိသဘောဆန္ဒအတိုင်းပြန်သွားခွင့် ရှိသည်။ လုံခြုံစွာနှင့်သိက္ခာရှိစွာ မိမိသဘောဆန္ဒအတိုင်းနေရပ်ပြန်ခြင်းသည် လွတ်လပ်သော၊ နားလည်သဘောပေါက်ခြင်းဖြင့် ကိုယ်ပိုင်ရွေးချယ်ခွင့်အပေါ်တွင် မူတည်ရမည်။ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းသွားလာသူများကို နိုင်ငံတွင်း(သို့မဟုတ်)မူလနေရင်းဒေသတွင် ဖြစ်ပေါ်နေသော အကြောင်းအရာ၊ အချက်အလက်နှင့် ဥပဒေအရလုံခြုံစေရပ်ကိစ္စရပ်များပါဝင်သော ပြည့်စုံလုံလောက်သော၊ ရည်ရွယ်ချက်ရှိသော၊ အချိန်နှင့်တစ်ပြေးညီ တိကျသော သတင်းအချက်အလက်များကို ပေးအပ်သင့်သည်။

၁၀.၂ နိုင်ငံတော်သည် မိမိတို့၏မူလအိမ်ရာ၊မြေယာနှင့်နေထိုင်လေ့ရှိသောနေရာများသို့ ပြန်ရန်ဆန္ဒရှိသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကို နေရပ်ပြန်ရန်ခွင့်ပြုပေးရမည်။ဤအခွင့်အရေးကို နိုင်ငံတော်၏အခြေအနေတစ်ရပ်ပြီးတစ်ရပ်အောက်တွင် အကျဉ်းချုံးခွင့်မရှိသလို အတင်းအဓမ္မသို့မဟုတ် ဥပဒေကြောင်းကျိုးမဲ့စွာအချိန်ကန့်သတ်မှုများလည်းမရှိစေရ။

၁၀.၃ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများကိုသူတို့၏ယခင်အိမ်ရာ၊မြေယာများသို့မဟုတ် နေလေ့ရှိသောနေရာများသို့ပြန်သွားရန်တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်ဖြစ်စေအတင်းအကြပ်တိုက်တွန်းခြင်းသို့မဟုတ်အခြားနည်းအားဖြင့်အကျပ်ကိုင်ခြင်းများမပြုလုပ်ရ။ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများသည် သူတို့၏အိမ်ရာ၊ မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းအခွင့်အရေးကိုမထိခိုက်နစ်နာစေဘဲ သူတို့ဆန္ဒရှိပါကနေရပ်ပြန်ခြင်းထက်ရွှေ့ပြောင်းနေထိုင်ရန်ရေရှည်ဆုံးဖြတ်ချက်များကိုထိရောက်စွာလေ့လာနိုင်ခွင့်ရှိသင့်သည်။

၁၀.၄ နိုင်ငံတော်သည် လိုအပ်ပါက အခြားသော နိုင်ငံများသို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများထံတွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် လုံခြုံစွာနှင့်သိက္ခာရှိစွာ မိမိသဘောဆန္ဒအတိုင်းနေရပ်ပြန်ခြင်းကို ထိရောက်စွာလမ်းညွှန်ကူညီနိုင်ရန် လိုအပ်သော ငွေရေးကြေးရေးအကူအညီ နှင့်(သို့မဟုတ်) နည်းပညာအကူအညီ များကိုတောင်းခံသင့်သည်။


ဓါတ်ပုံ (ဂျိုစဲအရာဇာ) - ပြာသာချောင်းမြို့၊ တန်သာရီတိုင်းဒေသကြီး၊ မြန်မာနိုင်ငံ

# အခန်း ၅ - ဥပဒေပိုင်းဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့်အဖွဲ့အစည်းဆိုင်ရာ အကောင်အထည်ဖော်ခြင်းယန္တရားများ

## ၁၁။ နိုင်ငံတကာလူ့အခွင့်အရေးများ၊ဒုက္ခသည်နှင့်လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေနှင့်ဆက်စပ်သောစံနှုန်းများနှင့်အံ့ဝင်ခွင်ကျဖြစ်ခြင်း

၁၁.၁ နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပြန်လည်အပ်နှင်းခြင်းလုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများ၊ ယန္တရားများနှင့် ဥပဒေမူဘောင်များအားလုံးသည် နိုင်ငံတကာလူ့အခွင့်အရေးများ၊ဒုက္ခသည်နှင့်လူသားချင်း စာနာမှုဆိုင်ရာဥပဒေနှင့်ဆက်စပ်သောစံနှုန်းများနှင့် အပြည့်အဝအံ့ဝင်ခွင်ကျဖြစ်ရန်နှင့် လုံခြုံစွာနှင့်ဂုဏ်သိက္ခာရှိစွာမိမိသဘောဆန္ဒအတိုင်းနေရပ်ပြန်ခြင်းအခွင့်အရေးကိုအသိအမှတ်ပြုခြင်းသည်လည်းထိုအထဲတွင်ပါရှိ ကြောင်းကို သေချာစေသင့်သည်။

## ၁၂။ နိုင်ငံတော်အဆင့်လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများနှင့် ယန္တရားများ

၁၂.၁ နိုင်ငံတော်သည် အိမ်ရာ၊ မြေနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုများကို ချင့်ချိန်အကဲဖြတ်ရန်နှင့်အတည်ပြုရန်အတွက် တရားမျှတ၍ကျိုးကြောင်းဆီလျော်သော၊သင့်လျော်သောအချိန်တွင်ရောက်ရှိလာသော၊လွတ်လပ်သော၊ပွင့်လင်းမြင်သာသောနှင့်ခွဲခြားဆက်ဆံခြင်းမရှိသောလုပ်ထုံးလုပ်နည်း များ၊ အဖွဲ့အစည်းများနှင့်ယန္တရားများကို တည်ထောင်ပြီးထောက်ခံအားပေးသင့်သည်။ ရှိနေပြီးသားလုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများနှင့် ယန္တရားများကို ထိရောက်စွာ၍ကိစ္စရပ်များတွင် အသုံးပြုနိုင်သည့် ဖြစ်ရပ်များရှိလာသောအခါတွင် ပြည့်စုံလုံလောက်သောငွေကြေး၊ လူအင်အားနှင့် အခြားသောအရင်းအမြစ်များကို တရားမျှတသော အချိန်မှီသောအပြုအမူများဖြင့် ပြန်လည်အပ်နှင်းခြင်းကို အထောက်အကူပြုရန် ပြုလုပ်ထားသင့်သည်။

၁၂.၂ နိုင်ငံတော်သည် အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းလုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများနှင့် ယန္တရားများသည် အသက်အရွယ်နှင့်ကျားမခွဲခြားမှုအပေါ်တွင်ခံစားပြီးစဉ်းစားထားကြောင်းသေချာစေသင့်ပြီးအမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေးနှင့်အတူ ယောက်ျားလေးများနှင့် မိန်းကလေးများ၏အခွင့်အရေးများကိုပါအသိအမှတ်ပြုသင့်ပြီး 'ကလေးများ၏အကောင်းဆုံးအကျိုးအတွက်' ဟူသောဆက်စပ်လွှမ်းခြုံနေသောနိယာမကိုလည်းပြန်လည်သုံးသပ်သင့်သည်။

၁၂.၃ နိုင်ငံတော်သည် အိမ်ရာ၊ မြေနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းလုပ်ငန်းစဉ်များကို ထောက်ခံရန်နှင့် ပံ့ပိုးပေးရန်အတွက် သင့်လျော်သောစီမံခန့်ခွဲမှု၊ဥပဒေပြုမှုနှင့်တရားစီရင်မှုဆိုင်ရာလုပ်ငန်းစဉ်အားလုံးကိုတာဝန်ယူသင့်သည်။နိုင်ငံတော်သည်သင့်လျော်သော ကိုယ်စားလှယ်အားလုံးကိုသူတို့၏လုပ်ဆောင်မှုများကိုတရားမျှတ၍အချိန်မှီအောင်မြင်စွာပြီးဆုံးနိုင်ရန်ပြည့်စုံလုံလောက်သောငွေကြေး၊လူ အင်အားနှင့်အခြားသော အရင်းအမြစ်များအားလုံးကိုပေးအပ်သင့်သည်။

၁၂.၄ နိုင်ငံတော်သည်အဖွဲ့အစည်းနှင့်ဆိုင်သောဖွဲ့စည်းမှုများနှင့်ဆက်စပ်သောလမ်းညွှန်ချက်များ၊ဝန်ထမ်းများကိုလေ့ကျင့်သင်ကြားပေးခြင်းများနှင့်လုပ်ဆောင်ရမည့်တာဝန်များ၊စုံစမ်းစစ်ဆေးခြင်းနှင့်မကျေနပ်မှုများကိုဖြေရှင်းရန်လုပ်ထုံးလုပ်နည်းများပစ္စည်းဥစ္စာများကိုပိုင်ဆိုင်မှုနှင့်အခြားသောအခွင့်အရေ းပိုင်ဆိုင်မှုများကိုကိုတိုက်ဆိုင်စစ်ဆေးခြင်းနှင့်အတူဆုံးဖြတ်ချက်ချခြင်း၊ဥပဒေစည်းကမ်းအတိုင်းလိုက်နာစေခြင်းနှင့်အယူခံဝင်သည့်ယန္တရားများပါဝင်သည့်သက်ဆိုင်သောအိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှုလုပ်ထုံး လုပ်နည်းများ၊ အဖွဲ့အစည်းများနှင့်ယန္တရားများအားလုံး ထိရောက်မှုကိုသေချာစေသည့် လမ်းညွှန်ချက်များကို ထုတ်ပေးသင့်သည်။

၁၂.၅ တရားဥပဒေစိုးမိုးမှုယေဘုယျပျက်ပြားသွားသောအခါ သို့မဟုတ် တရားမျှတပြီးအချိန်မှန်သော ပြုမူမှုရှိသည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီရမည့်လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများနှင့် ယန္တရားများကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရန်မစွမ်းဆောင်နိုင်သောအခါတွင် နိုင်ငံတော်သည် ဥပဒေအရရသင့်ရထိုက်သည့်

ထိရောက်သည့်ပြန်လည်အပ်နှင်းခြင်းကို သေချာစေရန်လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများနှင့် ယန္တရားများနှင့်အတူ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများကိုပေးအပ်ရန်ယာယီနည်းစနစ်များကို ထူထောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံတကာကိုယ်စားလှယ်များနှင့်ပူးပေါင်းပြီး နည်းပညာအကူအညီ ကိုတောင်းခံသင့်ပါသည်။

၁၂.၆ နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းလုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများနှင့် ယန္တရားများ ကိုငြိမ်းချမ်းရေးစာချုပ်များနှင့်မိမိသဘောဆန္ဒအတိုင်းနေရပ်သို့ပြန်ခြင်းစာချုပ် များတွင်ထည့်သွင်းသင့်သည်။ငြိမ်းချမ်းရေးစာချုပ်များတွင်အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကိစ္စတစ်ခုခုကိုသင့်လျော်သလိုဖော်ပြနိုင်ရန်အ တွက် နိုင်ငံတကာဥပဒေအောက်တွင်ရှိသောလိုအပ်သော ဥပဒေအတိုင်း ရသင့်ရထိုက်သည်များရရှိရန် အဖွဲ့များ၏ တိကျသေချာစွာ တာဝန်ယူမှုဆောင်ရွက်မှုကိုလည်းထည့်သွင်းဖော်ပြ သင့်သည်။

## ၁၃. ပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုလုပ်ထုံးလုပ်နည်းများကိုသုံးစွဲခွင့်ရှိခြင်း

၁၃.၁ အိမ်ရာ၊ မြေယာနှင့် (သို့မဟုတ်)ပစ္စည်းဥစ္စာများကို အတင်းအဓမ္မသို့မဟုတ်ဥပဒေကြောင်းကျိုးနှင့် မညီသောခံစားခွင့် ကိုပိတ်ပင်ခံထားရသောသူတိုင်းတွင် လွတ်လပ်ပြီးသမာသမတ်ကျသောအဖွဲ့ထံသို့ ပြန်လည်အပ်နှင်းခြင်း နှင့်(သို့မဟုတ်) လျော်ကြေးတောင်းခံခြင်းကိုတင်ပြရန်၊ သူတို့၏တောင်းဆိုမှုအပေါ်တွင် ဆုံးဖြတ်ချက်ချရန် နှင့် အဆိုပါဆုံးဖြတ်ချက်များ၏အသိပေးစာကိုလည်း လက်ခံနိုင်ခွင့်ရှိသည်။ နိုင်ငံတော်သည် ပြန်လည်တောင်းခံလွှာကိုလျှောက်ကတင်ရန်ကြိုတင်သတ်မှတ်ချက်များကို မထားရှိသင့်ပေ။

၁၃.၂ နိုင်ငံတော်သည်အယူခံရန်လုပ်ထုံးလုပ်နည်းများပါဝင်သောပြန်လည်အပ်နှင်းခြင်းတောင်းဆိုခြင်း လုပ်ငန်းစဉ်၏ကဏ္ဍအားလုံးကို တရားမျှတသောသင့်လျော်သည့်အချိန်တွင် အသုံးပြုနိုင်သောအခမဲ့ဖြစ်ပြီးအသက်အရွယ်နှင့်ကျားမခွဲခြားမှုခံစားမှုကိုပါထည့်သွင်းစဉ်းစားကြောင်း ကိုသေချာအောင်ပြုလုပ်သင့်သည်။ နိုင်ငံတော်သည် ဤလုပ်ငန်းစဉ်တွင် အပြည့်အဝညီတူညီမျှသောအခြေခံအကြောင်းအရင်းအပေါ်တွင် အမျိုးသမီးများ ပါဝင်နိုင်စေရန်အပြုသဘောဆောင်သောလုပ်ငန်းစဉ်များကိုဖော်ဆောင်ပေးသင့်သည်။

၁၃.၃ နိုင်ငံတော်သည်သီးသန့်ဖြစ်နေသောကလေးငယ်များနှင့်တစ်ကိုယ်တည်းဖြစ်နေသောကလေးငယ်များလည်းပြန်လည်အပ်နှင်း ခြင်းတောင်းဆိုခြင်းနည်းလမ်းများနှင့်သီးသန့်ဖြစ်နေသောကလေးငယ်များနှင့်တစ်ကိုယ်တည်းဖြစ်နေသောကလေးငယ်များနှင့်သက်ဆိုင်သော မည်သည့်ဆုံးဖြတ်ချက်တွင်မဆိုတွင်ပါဝင်ခွင့်နှင့်အပြည့်အဝကိုယ်စားပြုခွင့်ရှိခြင်းသည်'ကလေးငယ်များ၏အကောင်းဆုံးအကျိုးရှိမှု'၏ဆက်စပ် လွှမ်းခြုံနေသောနိယာမကိုလေးစားလိုက်နာခြင်းဖြစ်ကြောင်းကို သေချာအောင်ပြုလုပ်ပေးရမည်။

၁၃.၄ နိုင်ငံတော်သည်ပြန်လည်အပ်နှင်းခြင်းတောင်းဆိုခြင်းလုပ်ငန်းစဉ်သည်မူလနေထိုင်ရာနိုင်ငံ၊နိုင်ငံရေးခိုလှုံခွင့်ပြုထားသည့်နိုင်ငံ သို့မဟုတ်သူတို့ထွက်ပြေးခိုလှုံသောနိုင်ငံများပါဝင်သောရွှေ့ပြောင်းနေထိုင်သည့်အတော့အတွင်းတွင်သူတို့နေထိုင်ခဲ့သည့်နေရာများဘယ်လိုပင် ဖြစ်နေပါစေဒုက္ခသည်များနှင့် အခြားသောရွှေ့ပြောင်းနေထိုင်သူများရယူနိုင်ကြောင်းကိုသေချာအောင်ပြုလုပ်သင့်သည်။နိုင်ငံတော်သည် ထိခိုက်ခံခဲ့ရသောသူအားလုံးပြန်လည်အပ်နှင်းခြင်းတောင်းဆိုခြင်းလုပ်ငန်းစဉ်ကိုနားလည်သဘောပေါက်စေရန်နှင့်ဤလုပ်ငန်းစဉ်နှင့်ပက်သက်သော သာအချက်အလက်များကိုမူလနေထိုင်ရာနိုင်ငံ၊နိုင်ငံရေးခိုလှုံခွင့်ပြုထားသည့်နိုင်ငံသို့မဟုတ်သူတို့ထွက်ပြေးခိုလှုံသောနိုင်ငံများပါဝင်သောသူအား လုံးအတွက်အဆင်သင့်ရယူနိုင်ရန်သေချာအောင်ပြုလုပ်ထားသင့်သည်။

၁၃.၅ နိုင်ငံတော်သည် လောလောဆယ်တွင် တောင်းဆိုရန်အလားအလာရှိသောသူများနေထိုင်သည့် ထိခိုက်ခံခဲ့ရသောဒေသများ တစ်လျှောက်လုံး ပြန်လည်အပ်နှင်းခြင်းတောင်းဆိုခြင်းလုပ်ငန်းစဉ်နေရာများ နှင့်ရုံးခန်းများကိုထူထောင်ရန်ရှာဖွေသင့်သည်။ ထိခိုက်ခံရ သောသူများကိုထိထိရောက်ရောက်ပံ့ပိုးကူညီနိုင်ရန် အတွက် ပြန်လည်အပ်နှင်းခြင်းတောင်းဆိုခြင်းများကို စာတိုက်မှဖြစ်စေ၊ ကိုယ်စားဖြစ်စေ၊ ထို့ပြင် လူကိုယ်တိုင်ဖြစ်စေတင်ပြနိုင်ခွင့်ရှိသင့်သည်။နိုင်ငံတော်သည်အလားအလာရှိသောတောင်းဆိုသူအားလုံးတောင်းဆိုပိုင်ခွင့်ရှိကြောင်း သေချာရန်ရွှေ့ပြောင်းသွားလာရယ်လွယ်ကူသောနေရာများကိုထူထောင် ရန် စဉ်းစားသင့်သည်။

၁၃.၆ နိုင်ငံတော်သည်အိမ်ငှားသူများပါဝင်သောအိမ်ရာ၊မြေယာနှင့်(သို့မဟုတ်)ပစ္စည်းဥစ္စာ အသုံးပြု သူများတွင်ပြန်လည်အပ်နှင်းခြင်း စုပေါင်းတောင်းဆိုခြင်းကိုလျှောက်ခြင်းအားဖြင့်ပြန်လည်အပ်နှင်းခြင် းတောင်းဆိုခြင်းလုပ်ငန်းစဉ်များတွင်ပါဝင်ခွင့်ရှိရန် သေချာအောင်ပြုလုပ်ပေး သင့်သည်။

၁၃.၇ နိုင်ငံတော်သည်ပြန်လည်အပ်နှင်းခြင်းတောင်းဆိုခြင်းပုံစံများကို ရိုးရှင်းပြီးနားလည်သဘောပေါက် လွယ်စေရန်နှင့် အသုံးပြုနိုင်ရန်နှင့် အဓိကဘာသာစကားတစ်ခုဖြင့်ဖြစ်စေ ထိခိုက်ခံစားရသောသူများ၏ ဘာသာစကားများ ဖြင့်ဖြစ်စေရရှိနိုင်ရန် တည်ဆောက်ပေးသင့်သည်။ ကျွမ်းကျင်ပြီးအခွင့်အာဏာရှိသော ထောက်ပံ့ကူညီမှုများသည် လိုအပ်သောပြန်လည်အပ်နှင်းခြင်းတောင်းဆိုခြင်းပုံစံတစ်မျိုးမျိုးကို ပြည်စုံစွာလျှောက်တင်နိုင်ရန်သူများကိုကူညီပေးခြင်းများကို ရရှိသင့်ပြီး အဆိုပါအကူအညီများသည် အသက်အရွယ်နှင့် ကျားမခွဲခြားမှုခံစားမှုကိုထည့်သွင်းစဉ်းစားသည့်အပြုအမူမျိုးဖြင့် ပေးအပ်သင့်သည်။

၁၃.၈ ပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုသည်တောင်းဆိုမှုလုပ်ငန်းစဉ်ရှိရှိရင်းစွဲခက်ခဲရှုပ်ထွေးခြင်း များကို လုံလုံလောက်လောက် အလွယ်တကူမရှိသောပေးရန်ကျန်ရှိနေမှုများရှိသောအခါနိုင်ငံတော်သည် အလားအလာရှိသောတောင်းဆိုမည့်သူများကိုမေးခွန်းမေးမြန်းရန်

ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချမှုရှိသော၊ အသက်အရွယ်နှင့်ကျားမခွဲခြားမှုအဖော်ခံစားရသည့်အပြုအမူများရှိသော အရည်အချင်းရှိသောသူနှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်။

၁၃.၉ နိုင်ငံတော်သည်ပြန်လည်အပ်နှင်းခြင်းကိုတောင်းဆိုခြင်းအတွက်ရှင်းလင်းသေချာသော အချိန်အပိုင်းအခြားကို သတ်မှတ်ပေးသင့်သည်။ ဖြစ်နိုင်ခြေရှိသောတောင်းဆိုသူအရေအတွက်၊ သတင်းအချက်အလက်များကိုစုဆောင်းခြင်းနှင့်ရယူရာတွင် ဖြစ်နိုင်ချေရှိသော အခက်အခဲများ၊ ရွှေ့ပြောင်းနေထိုင်သူပမာဏ၊ ဖြစ်နိုင်ချေရှိသော ဆိုးကျိုးသက်ရောက်နိုင်သောအဖွဲ့များနှင့် ထိခိုက်လွယ်သော တစ်ဦးတစ်ယောက်ချင်းအတွက် လုပ်ငန်းစဉ်များကို ရယူပိုင်ခွင့်နှင့် နိုင်ငံတွင်းသို့မဟုတ်မူလနေထိုင်ရာဒေသတွင်းရှိ နိုင်ငံရေးအခြေအနေများကို မှတ်သားကာ ပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုကိုလျှောက်တင်ရန်အတွက် လုံလောက်သောအခွင့်အရေးရှိသော ခံရယူအားလုံးအတွက် သေချာစေရန် ဤသတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရန်နှင့် ကြာရှည်မှုကိုလုံလောက်စွာပေးထားသင့်သည်။

၁၃.၁၀ နိုင်ငံတော်သည် စာမတတ်သောသူများနှင့် မသန်စွမ်းများပါဝင်သော အထူးအကူအညီလိုသူများသည် ပြန်လည်အပ်နှင်းခြင်း တောင်းဆိုမှုလုပ်ငန်းစဉ်ကို ရယူရာတွင် ငြင်းပယ်ခံမှုမရှိအောင် သေချာစေရန်အတွက် ထိုကဲ့သို့သော အကူအညီများကို ပေးအပ်ထားကြောင်း သေချာအောင်ပြုလုပ်ထားသင့်သည်။

၁၃.၁၁ နိုင်ငံတော်သည် ပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုပြုလုပ်ရန်အတွက် ရှာဖွေနေသူများကို ဖြစ်နိုင်လျှင် အခမဲ့ဖြင့်ပြည့်စုံသော ဥပဒေအကူအညီကိုပေးအပ်ထားကြောင်းသေချာစေသင့်သည်။ဥပဒေအကူအညီကို အစိုးရမှဖြစ်စေ အစိုးရမဟုတ်သော အရင်းအမြစ်များမှဖြစ်စေ (ပြည်တွင်းဖြစ်စေ ပြည်ပဖြစ်စေ) ပေးအပ်ထားလျှင် အဆိုပါဥပဒေအကူအညီသည် ပြန်လည်အပ်နှင်းခြင်း တောင်းဆိုခြင်း လုပ်ငန်းစဉ်ကို ဘက်လိုက်ခြင်းမရှိစေရန်အတွက် အရည်အသွေး၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ တရားမျှတခြင်းနှင့် သမာသမတ်ကျခြင်းဟူသော လုံလောက်သောစံနှုန်းကို ပြည့်မီသင့်သည်။

၁၃.၁၂ နိုင်ငံတော်သည် ပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုကို ပြုလုပ်ခြင်းအတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ နှောင့်ယှက်ခံရခြင်း သို့မဟုတ် အပြစ်ပေးခံရခြင်းမရှိစေရန်ကို သေချာစေသင့်သည်။

## ၁၄။ ပြည့်စုံလုံလောက်သောဆွေးနွေးညှိနှိုင်းခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ခြင်း

၁၄.၁ နိုင်ငံတော်နှင့် အခြားသော ပြည်တွင်းပြည်ပပါဝင်ပက်သက်သောလှုပ်ရှားသူများသည် မိမိသဘောဆန္ဒအရ နေရပ်ပြန်ခြင်းနှင့် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အစီအစဉ်များကို အကျိုးသက်ရောက်သော သူများ၊ အစုအဖွဲ့များနှင့် လူမှုဂန်းကျင်များ၏ပြည်စုံလုံလောက်သော ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းများနှင့်အတူ လုပ်ဆောင်သွားရမည်။

၁၄.၂ နိုင်ငံတော်နှင့် အခြားသော ပြည်တွင်းပြည်ပပါဝင်ပက်သက်သောလှုပ်ရှားသူများသည် ထူးထူးခြားခြား အမျိုးသမီးများ၊ ဒေသခံပြည်သူများ၊ လူနည်းစုလူမျိုးစုနှင့်တိုင်းရင်းသားများ၊ အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းနှင့် ကလေးသူများကို ပြန်လည်အပ်နှင်းခြင်းဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်များတွင် ပြည့်စုံလုံလောက်သောကိုယ်စားပြုရန်နှင့်ပါဝင်ရန်နှင့် ထိထိရောက်ရောက်ပူးပေါင်း ပါဝင်နိုင်ရန်အတွက် သင့်လျော်သောအဓိပ္ပါယ်ဖွင့်ဆိုမှုများနှင့်သတင်းအချက်အလက်များရှိရန် သေချာစေရမည်။ အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများ၊ သီးခြားဖြစ်နေသောသို့မဟုတ် တစ်ကိုယ်တည်း နေတတ်သောကလေးများနှင့် မသန်စွမ်းကလေးငယ်များ ပါဝင်သော ထိခိုက်လွယ်သော တစ်ဦးတစ်ယောက်ချင်းစီ၏လိုအပ်ချက်များကို သီးသန့်အလေးပေးဂရုစိုက်မှုများပေးထားသင့်သည်။

## ၁၅။ အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာများ၏ မှတ်တမ်းများနှင့် သက်သေခံစာရွက်စာတမ်းများ

၁၅.၁ နိုင်ငံတော်သည်ပြည်တွင်းတွင်အမျိုးမျိုးအသုံးပြုနိုင်သောမြေယာနှင့်ပက်သက်သောစစ်တမ်း ကောက်ယူမှုများ သို့မဟုတ် အိမ်ရာ၊ မြေယာ နှင့် ပစ္စည်းဥစ္စာအခွင့်အရေးများကို မှတ်ပုံတင်ရန်အတွက် သင့်လျော်သောအခြားသောစနစ်များကို ပြန်လည်အပ်နှင်းခြင်း ကိစ္စရပ်များလုပ်ဆောင်နေသောအခါတွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏အခွင့်အရေးများကို လေးစားသောအားဖြင့် ပြန်လည်အပ်နှင်းခြင်း အစီအစဉ်တစ်ခုခုပြည်စုံသွားစေရန်အစိတ်အပိုင်းကဲ့သို့ လုပ်ဆောင်ခြင်းသို့မဟုတ် ထပ်မံလုပ်ဆောင်ခြင်းကို ပြုလုပ်သင့်သည်။

၁၅.၂ နိုင်ငံတော်သည်အိမ်ရာ၊ မြေယာ နှင့် (သို့မဟုတ်) ပစ္စည်းဥစ္စာကိုမှန်ကန်သောပိုင်ဆိုင်မှု သို့မဟုတ် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားရေးရာနှင့်ဆိုင်သော၊ အလားတူတရားရေးရာနှင့်ဆိုင်သော၊ အုပ်ချုပ်ရေးနှင့်ဆိုင်သော သို့မဟုတ် ဓလေ့ထုံးတမ်းနှင့်

ညီထွေသောဆုံးဖြတ်ချက်ကို အဆိုပါ အိမ်ရာ၊ မြေယာ နှင့် (သို့မဟုတ်) ပစ္စည်းဥစ္စာ၏နယ်နိမိတ်ကို မှတ်တမ်းတင်ခြင်းကိုသေချာရန်လုပ်ငန်းစဉ်များနှင့်တွဲဖက်ခြင်းသည် လုပ်ပိုင်ခွင့်၏တရားဝင်လုပ်ပြုမှုကိုသေချာအောင် လုပ်ဆောင်ရန် လိုအပ်သောကြောင့်ဖြစ်သည်။ ဤကဲ့သို့ဆုံးဖြတ်ချက်များသည်ခွဲခြားဆက်ဆံခံရခြင်းမှာကာကွယ်ခွင့်ပါဝင်သောနိုင်ငံတကာလူ့အခွင့်အရေးများ၊ ဒုက္ခသည်နှင့်လူသားချင်းစာနာမှုဥပဒေနှင့်ဆက်စပ်နေသောစံနှုန်းများကိုလိုက်နာရမည်။

၁၅.၃ နိုင်ငံတော်သည် သင့်လျော်သည့်နေရာတွင် အဆိုပါမှတ်ပုံတင်ခြင်းစနစ်သည် မြေယာများကိုစုစည်းရန် ဓလေ့ထုံးတမ်းအရနှင့်ဒေသခံလူမှုအဖွဲ့အစည်း၏ ပိုင်ဆိုင်ခွင့်ကို မှတ်တမ်းပြုခြင်း နှင့်(သို့မဟုတ်) အသိအမှတ်ပြုရမည်။

၁၅.၄ နိုင်ငံတော်နှင့် အခြားသောတာဝန်ရှိအာဏာပိုင်များသို့မဟုတ်အဖွဲ့အစည်းများသည် အဆိုပါ ရှိနေသေးသော မှတ်ပုံတင်ခြင်းစနစ်ကိုပဋိပက္ခဖြစ်နေချိန်နှင့် ဖြစ်ပြီးချိန်များတွင် မဖျက်ဆီးကြောင်းကို သေချာစေသင့်သည်။ အိမ်ရာ၊ မြေယာ နှင့် ပစ္စည်းဥစ္စာမှတ်တမ်းများကိုဖျက်ဆီးခြင်းမှကာကွယ်ရန်တိုင်းတာခြင်းတွင် ယင်း၏မူလနေရာကို ကာကွယ်ခြင်း သို့မဟုတ် လိုအပ်ပါက လုံခြုံသောနေရာသို့ယာယီရွှေ့ပြောင်းခြင်းသို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ပါဝင်သည်။ ဖယ်ရှားခြင်းခံရပါက မှတ်တမ်းများကို စစ်မက်ဖြစ်ပွားခြင်းများပြီးဆုံးချိန်တွင် ဖြစ်နိုင်သမျှမြန်မြန်ပြန်လည်ပေးအပ်ရမည်။နိုင်ငံတော်နှင့်အခြားသောတာဝန်ရှိအာဏာပိုင်များသည်မှတ်တမ်း များကိုကူးယူခြင်းလုပ်ထုံးလုပ်နည်းများကိုဖြစ်တည်ခြင်း (ဒီဂျစ်တယ်ပုံစံမှကူးယူခြင်းလည်းပါဝင်သော)၊ လုံခြုံစိတ်ချစွာလွှဲပြောင်းခြင်းနှင့်ပြောထားသောကူးယူမှုများ၏မူလခိုင်မာစစ်မှန်မှုကို အသိအမှတ်ပြုခြင်းများကို လည်းစဉ်းစားထားသင့်သည်။

၁၅.၅ နိုင်ငံတော်နှင့် အခြားသောတာဝန်ရှိအာဏာပိုင်များသို့မဟုတ်အဖွဲ့အစည်းများသည် တောင်းဆိုသူသို့မဟုတ် သူ (သို့မဟုတ်) သူမ၏ကိုယ်စားလှယ်သည် ပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုကို လုပ်ဆောင်ရန် နှင့် (သို့မဟုတ်) အထောက်အကူပြုရန်သူတို့၏ပိုင်ဆိုင်ကြောင်းကိုသက်သေပြနိုင်သောမှတ်တမ်းမှတ်ရာကူးယူမှုများကိုလိုအပ်သဖြင့်တောင်းဆိုလာပါကပေးအပ်သင့်သည်။

၁၅.၆ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများကို ဦးဆောင်နေသော နိုင်ငံတော်နှင့် အခြားသောတာဝန်ရှိအာဏာပိုင်များသို့မဟုတ်အဖွဲ့အစည်းများသည် ပြန်လည်အပ်နှင်းခြင်းလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီပေးရန်အတွက် သင့်လျော်သောသတင်းအချက်အလက်များကိုစုဆောင်းပေးရန် ကြိုးပမ်းအားထုတ်သင့်သည်၊ ဥပမာအားဖြင့် ဒုက္ခသည်သို့မဟုတ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးဦး၏ ယခင်အိမ်၊ မြေယာ၊ပစ္စည်းဥစ္စာသို့မဟုတ်နေထိုင်လေ့ရှိသောနေရာများ၏တည်နေရာနှင့်အခြေအနေနှင့်စပ်လျဉ်း၍မှတ်ပုံတင်ရန်ပုံစံမေးခွန်းများပါဝင်ခြင်းဖြစ်သည်။အဆိုပါသတင်းအချက်အလက်များသည်စစ်မက်ဖြစ်ပွားနေသည့်အချိန်တွင် ပါဝင်သော ဘယ်အချိန်မဆိုတွင် ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများထံမှ စုဆောင်းထားသောသတင်းအချက်အလက်များကို ရှာဖွေစုံစမ်းသင့်သည်။

၁၅.၇ နိုင်ငံတော်သည် လူများစွာရွှေ့ပြောင်းနေထိုင်မှုဖြစ်နေသော်လည်း ပိုင်ဆိုင်မှု သို့မဟုတ် ပိုင်ဆိုင်ခွင့်ကဲ့သို့သောသက်သေခံမှတ်တမ်းအနည်းငယ်သာရှိနေသောအခြေအနေတွင် လူများသည် သူတို့၏နေအိမ်များမှ အကြမ်းဖက်မှု သို့မဟုတ် ဘေးအန္တရာယ်နှင့်သက်ဆိုင်သော အကြောင်းပြချက်များအတွက် လုပ်ဆောင်ပြီးဖြစ်သော အကြမ်းဖက်မှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်သောသတ်မှတ်ထားသော အချိန်ကာလအတောအတွေးတွင် ထွက်ပြေးလာသူများကို အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းဟုခေါင်းစဉ်ကိုရွေးချယ်တပ်ရခြင်းဖြစ်ကြောင်း ပြည့်စုံနိုင်သော ဖြစ်နိုင်ချေရှိသည်ဟုယူဆသောအရာကိုရွေးချယ်ရပ်တည်နိုင်သည်။ အဆိုပါ့ါသို့သော ကိစ္စရပ်များတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာပိုင်များသည် မှတ်တမ်းမှတ်ရာမရှိသော ပြန်လည်အပ်နှင်းခြင်းတောင်းဆိုမှုများနှင့် ဆက်စပ်သောအချက်များကို လွတ်လပ်စွာစတင်လုပ်ဆောင်နိုင်သည်။

၁၅.၈ နိုင်ငံတော်သည်အတင်းအကြပ်စေခိုင်းမှုအောက်တွင်ပြုလုပ်ခဲ့သောလွှဲပြောင်းမှုတစ်ခုခုပါဝင်သော ခိုင်လုံခြေမြစ်သောတရားဝင်အိမ်ရာ၊ မြေယာ နှင့် (သို့မဟုတ်) ပစ္စည်းဥစ္စာရောင်းဝယ်လုပ်ဆောင်မှုတစ်ခုခုသို့မဟုတ်လျှင်လည်း တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေအတင်းအကြပ်သို့မဟုတ် အင်အားသုံးကာအတင်းအဓမ္မလုပ်ဆောင်မှုသို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကိုဆန့်ကျင်သောလုပ်ဆောင်မှုများကို အသိအမှတ်မပြုသင့်ပေ။

## ၁၆။ အိမ်ငှားနှင့်အခြားသောပိုင်ဆိုင်မှုမရှိသူများ၏အခွင့်အရေးများ

၁၆.၁ နိုင်ငံတော်သည်အိမ်ငှားသူ၏အခွင့်အရေးများ၊အခွင့်အရေးရှိသောလူမှုရေးအရအိမ်မြေ တွင်နေထိုင်သူ နှင့် အခြားသောတရားဝင်ဝင်ရောက်နေထိုင်သူများသို့မဟုတ် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာအသုံးပြုသူများကို ပြန်လည်အပ်နှင်းခြင်းအစီအစဉ်တွင် အသိအမှတ်ပြုကြောင်းကို သေချာစေသင့်သည်။ ဖြစ်နိုင်ချေအများဆုံး ပမာဏ အတွက် နိုင်ငံတော်သည် အဆိုပါသူများသည် တရားဝင်ပိုင်ဆိုင်မှုအခွင့်အရေးရှိသူများနှင့် တူညီသောအပြုအမူဖြစ်သော သူတို့၏အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာထံသို့ ပြန်သွားရန်၊ ပြန်လည်ပိုင်ဆိုင်ရန်နှင့် အသုံးပြုနိုင်ရန်ကို သေချာစေသင့်သည်။

## ၁၇။ အိမ်ငှားနေထိုင်သူများ

၁၇.၁ နိုင်ငံတော်သည် အိမ်ငှားနေထိုင်သူများကို အတင်းအဓမ္မ သို့မဟုတ် ဥပဒေကျိုးကြောင်းမညီသော အတင်းအကြပ်နှင်ထုတ်ခြင်းများမှကာကွယ်ပေးခြင်းကိုသေချာစေသင့်သည်။နိုင်ငံတော်သည်အဆိုပါအိမ်ငှားနေထိုင်သူများကိုနှင်ထုတ်သောအခြေအနေများတွင်အိမ်ရာ၊မြေယာနှင့်

ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းရည်ရွယ်ချက်အတွက် တရားမျှတကြောင်း ထင်ရှားသောငြင်းဆန်၍မရသောအရာဟူ၍မှတ်ယူရသောအခါတွင် အိမ်ငှားနေထိုင်သူများကိုစစ်မှန်သောအကြံပေးမှုများ၊လုံလောက်ပြီးကျိုးကြောင်းကိုက်ညီသောကြေငြာခြင်းအတွက်အခွင့်အရေးပါဝင်သောစီစဉ်ထားသောလုပ်ငန်းစဉ်တွင်းကာကွယ်မှုများပေးအပ်ခြင်းနှင့်ဥပဒေများကိုပြန်လည်ပြင်ဆင် ခြင်းအတွက်အခွင့်အရေးများ ပါဝင်သော ဥပဒေအရရသင့်ရထိုက်သည်များကိုပေးအပ်ခြင်းကဲ့သို့သောနှင်ထုတ်ခြင်းများအားဖြင့်နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့်စံနှုန်းများနှင့်ကိုက်ညီသောအပြုအမူများကိုသေချာအောင်လုပ်ဆောင်နေသင့်သည်။

၁၇.၂ နိုင်ငံတော်သည် အိမ်ငှားသူများအတွက် တိုးချဲ့ပေးထားသော စီစဉ်ထားသောလုပ်ငန်းစဉ်တွင်း ကာကွယ်မှုများသည် အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာများဆွေးနွေးဆဲကိစ္စရပ်များကို တရားမျှတသော အချိန်မှီသော အပြုအမူများဖြင့် ပိုင်ဆိုင်မှုများကို ပြန်လည်ရယူရာတွင် တရားဝင်ပိုင်ဆိုင်သူ၊ အိမ်ငှားပေးသူ နှင့်အခြားသောအခွင့်အရေးရှိသူများ၏အခွင့်အရေးများကို ဘက်လိုက်မှုမရှိစေရန် သတိထားသင့်သည်။

၁၇.၃ အိမ်ငှားနေထိုင်သူများကိုနှင်ထုတ်ရသောကိစ္စရပ်များသည် တရားမျှတကြောင်းထင်ရှားသော ငြင်းဆန်၍မရသောအခါတွင် နိုင်ငံတော်သည်အိမ်ရာမရှိသောအခြေအနေမှလောလောဆယ်တွင်သူတို့နေထိုင်သောနေရာထက်အခြားသောပြည့်စုံသောအိမ်ရာတွင်နေထိုင်ရန်ဆိုလိုသောသူများမဟုတ်သောသူများနှင့်သူတို့၏ပြည့်စုံလုံလောက်အိမ်ရာရရှိခွင့်ကိုအခြားသောအကြမ်းဖက်မှုများကိုကာကွယ်ရန်အပြုသဘောဆောင်သောလုပ်ငန်းစဉ်များကို လုပ်ပေးသင့်သည်။ နိုင်ငံတော်သည် ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများ၏ အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းကိုအချိန်မှီပံ့ပိုးကူညီပေးနိုင်ရန်အတွက်လိုသောယာယီအခြေခံသောအဆိုပါအိမ်ငှားနေထိုင်သူများအတွက် အခြားသော အိမ်ရာနှင့် (သို့မဟုတ်) မြေယာများကို ထုတ်ဖော်ရန်နှင့်ပေးအပ်ရန် တာဝန်ယူပေးသင့်သည်။ ထိုကဲ့သို့သောအခြားနည်းလမ်းမရှိပါကလည်းအိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းနှင့်စပ်လျဉ်းသောသက်ဆိုင်သောအလုပ်၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်နှင့် လိုက်နာစေရန်ကို မလိုအပ်ဘဲမကြန့်ကြာသင့်ပေ။

၁၇.၄ အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာများကို အိမ်ငှားသူမှအခြားသောသက်ဆိုင်မှုမရှိသောသူကို စိတ်ကောင်းစေတနာအပြည့်ဖြင့် ရောင်းချလိုက် သည့်ကိစ္စရပ်များတွင် နိုင်ငံတော်သည် ထိခိုက်သွားသောသက်ဆိုင်မှုမရှိသောသူကို နစ်နာကြေးပေးရန် ယန္တရားများကိုစတင်လုပ်ဆောင်ရန် စဉ်းစားပေးဂုမည်။ ရွှေ့ပြောင်းနေထိုင်ခြင်းအောက်တွင်ရှိသောအလွန်အမင်းဆိုးဝါးမှုများသည်လည်း အဆိုပါဖြစ်ရပ်များရှိစွန့်ခွာသွားသူ၏ပစ္စည်းဥစ္စာများကိုတရားမဝင်ဝယ်ယူခြင်း၊အမှန်တကယ်ရှိသောပစ္စည်းဥစ္စာများ၏အကျိုးစီးပွားပုံစံများကို တရားမဝင်ကြိုတင်ဝယ်ယူခြင်းများကိုမည်သို့ပင်ဆိုစေကာမူအထောက်အကူ ဖြစ်စေသောသတိပေးချက်ကို ထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။

## ၁၈။ ဥပဒေပြုထားသောလုပ်ငန်းစဉ်များ

၁၈.၁ နိုင်ငံတော်သည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးများကို ဥပဒေစိုးမိုးရေးတွင် မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းကို သေချာစေရမည်။ နိုင်ငံတော်သည် ဆက်စပ်လျက်ရှိသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်(သို့မဟုတ်)လုပ်ထုံးလုပ်နည်းများကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများအားဖြင့် ဥပဒေပြုခြင်းဟုအဓိပ္ပါယ်ရသောလိုအပ်ချက်အားဖြင့် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးများကို သေချာစေသင့်သည်။ နိုင်ငံတော်သည် ရှင်းလင်းပြီး အပြောင်းအလဲမရှိသော လိုအပ်ပါက ဥပဒေတစ်ရပ်အားဖြင့်ပေါင်းစည်းသော အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးများကို ကာကွယ်ရန်အတွက် ဥပဒေဆိုင်ရာမူဘောင်များကို လုပ်ဆောင်ပေးသင့်သည်။

၁၈.၂ နိုင်ငံတော်သည် သင့်လျော်သော ဥပဒေအားလုံးသည် လူတိုင်း နှင့်(သို့မဟုတ်) အကျိုးသက်ရောက်သောအစုအဖွဲ့များ အထူးသဖြင့် ဒုက္ခသည်များနှင့် ရွှေပြောင်းနေထိုင်သူများ၏ အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းကိုတရားဝင်ရပိုင်ခွင့်ရှိသော သူများကို ရှင်းရှင်းလင်းလင်းအသေးစိတ်ချပြကြောင်းကို သေချာစေသင့်သည်။ ရွှေ့ပြောင်းနေထိုင်ရချိန်တွင် ဇနီးခင်ပွန်း၊ အိမ်တွင်းအဖော်၊ မှီခိုသူ၊ တရားဝင်ဆက်ခံခွင့်ရှိသူနှင့် မူလတောင်းဆိုသူကဲ့သို့သော တူညီသောအခြေခံပေါ်တွင် တောင်းဆုခွင့်ရှိသူများဖြစ်သော နေထိုင်သူ၏မိသားစုဝင်များ ပါဝင်သော တောင်းဆိုသူများ၏အကူဖြစ်နေသူများကို တူညီစွာအသိအမှတ်ပြုပေးသင့်သည်။

၁၈.၃ နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းနှင့်ဆက်စပ်သော ပြည်တွင်းဥပဒေရေးရာများသည် အတွင်းပိုင်းတွင်အပြောင်းအလဲမရှိသလို ငြိမ်းချမ်းရေးသဘောတူချက်နှင့်မိမိသဘောဆန္ဒအရနေရပ်ပြန်ရန်သဘောတူညီချက်များကဲ့သို့သော နိုင်ငံတကာလူ့အခွင့်အရေး၊ ဒုက္ခသည်နှင့်လူသားချင်းစာနာထောက်ထားသောဥပဒေများနှင့်ဆက်စပ်သောစံနှုန်းများနှင့် ကိုယ်တိုင်အံဝင်ခွင်ကျဖြစ်သောကြာရှည်ပြီဖြစ်သော ဤသဘောတူညီချက်ကဲ့သို့သော ကြိုတင်ရှိနေသော သက်ဆိုင်သော သဘောတူညီချက်များနှင့်လည်း အံဝင်ခွင်ကျဖြစ်စေရန် သေချာစေသင့်သည်။

## ၁၉။ ကြောင်းကျိုးခိုင်မာမှုမရှိသော ခွဲခြားဆက်ဆံသော ဥပဒေများကို တားမြစ်ခြင်း

၁၉.၁ နိုင်ငံတော်သည်ပြန်လည်အပ်နှင်းခြင်းဖြစ်စဉ်ကို အထူးသဖြင့် ကြောင်းကျိုးခိုင်မာမှုမရှိသော၊ ခွဲခြားဆက်ဆံသော သို့မဟုတ်လျှင် မတရားသောပယ်ဖျက်ထားသောဥပဒေများ သို့မဟုတ် ကန့်သတ်ထားသော အာဏာပိုင်အဖွဲ့ကပြဋ္ဌာန်းသည့်ဥပဒေများအားဖြင့် ဘက်လိုက်သော ဥပဒေများကို အတည်မပြုရသလို အသုံးမပြုသင့်ပေ။

၁၉.၂ နိုင်ငံတော်သည် မတရားသောဥပဒေ သို့ပမဟုတ် ကြောင်းကျိုးမခိုင်မာသောဥပဒေများနှင့် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးအပေါ် စိတ်ကျေနပ်မှုကို ခွဲခြားဆက်ဆံသော အကျိုးရလဒ်ကို ဖြစ်ပေါ်စေသောဥပဒေများကို ပယ်ဖျက်ရန် ချက်ချင်းအရေးယူဆောင်ရွက်မှုများလုပ်သင့်ပြီး အဆိုပါ ဥပဒေများကို ဦးစားပေးလျှောက်တင်ရာတွင် မှားယွင်းစွာ ထိခိုက်ခံရသောသူများအတွက် တရားဥပဒေအရ ရသင့်ရထိုက်သည်များကို ရယူရန် သေချာအောင်လုပ်ထားသင့်သည်။

၁၉.၃ နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအခွင့်အရေးနှင့်ဆက်စပ်သော ပြည်တွင်းမူဝါဒများသည် အမျိုးသမီးများ၏အခွင့်အရေးများကို ခွဲခြားဆက်ဆံမှုမှကာကွယ်ပေးရန်နှင့် ဥပဒေနှင့်ကျင်သုံးမှုနှစ်ခုစလုံးတွင် တန်းတူညီမှုရရှိစေရန် အပြည့်အဝအာမခံထားကြောင်းကို သေချာစေသင့်သည်။

## ၂၀။ ပြန်လည်အပ်နှင်းခြင်းဆုံးဖြတ်ချက်များနှင့်တရားစီရင်ချက်များကို ခိုင်မာစေခြင်း

၂၀.၁ နိုင်ငံတော်သည်အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းဆုံးဖြတ်ချက်များနှင့် တရားစီရင်ခြင်းများကိုခိုင်မာစေခြင်းဖြင့်ယုံကြည်စိတ်ချလာစေနိုင်ရန် တိကျသောလူထုကိုယ်စားလှယ်လုပ်ငန်းများကို ခန့်အပ်ပေးသင့်သည်။

၂၀.၂ နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းနှင့်ပက်သက်၍ သင့်လျော်သောလုပ်ဆောင်သူများ မှချမှတ်လိုက်သော ဆုံးဖြတ်ချက်များနှင့် တရားစီရင်ချက်များကို လေးစားရန်၊ အကောင်အထည်ဖော်ရန် နှင့် ခိုင်မာစေရန် ဒေသခံနှင့် နိုင်ငံတော်အဆင့်အာဏာပိုင်များတွင် တရားဝင်တာဝန်ရှိကြောင်း ဥပဒေနှင့် အခြားသောလိုက်လျောညီထွေသောဆိုလိုရင်းဖြင်းအားဖြင့် သေချာစေသင့်သည်။

၂၀.၃ နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း ဆုံးဖြတ်ချက်များနှင့်တရားစီရင်ချက်များကို ခိုင်မာစေခြင်းကိုလူထုမှတားဆီးပိတ်ပင်ခြင်းကို ကာကွယ်ရန် တိကျသေချာသောလုပ်ငန်းစဉ်များကို အတည်ပြုပေးသင့်သည်။ ပြန်လည်အပ်နှင်းခြင်းအစီအစဉ်များကို လုပ်ဆောင်ပေးနေသော တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်လုပ်ငန်းများကို ဆန့်ကျင်သော ခြိမ်းခြောက်မှုများ သို့မဟုတ် တိုက်ခိုက်မှုများကို အပြည့်အဝစုံစမ်းစစ်ဆေးသင့်ပြီး တရားစွဲသင့်သည်။

၂၀.၄ နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း သို့မဟုတ် ရယူရန်ယှဉ်ပြိုင်နေခြင်းကို လုယက်ခြင်း သို့မဟုတ် ထားခဲ့ခြင်းများကို ကာကွယ်ရန်တိကျသောလုပ်ငန်းစဉ်များကို အတည်ပြုပေးသင့်သည်။ ဖျက်ဆီးခြင်းနှင့်လုယက်ခြင်းကိုလျှော့နည်းစေရန် အတွက်နိုင်ငံတော်သည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်းအစီအစဉ် အခြေအနေအတွင်းတွင် အိမ်ရာ၊မြေယာနှင့်ပစ္စည်းဥစ္စာ တောင်းဆိုမှု တွင် ပါဝင်သောအကြောင်းအရာများကိုအသေးစိတ်ထားရှိသည့် လုပ်ထုံးလုပ်နည်းများကို ဖြစ်ပေါ်စေသင့်သည်။

၂၀.၅ နိုင်ငံတော်သည် အိမ်ငှားနေထိုင်သူများနှင့် အခြားသောသက်ဆိုင်သူများ၏အခွင့်အရေးများနှင့် နေထိုင်နေသာအိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာများကို မိမိသဘောဆန္ဒအရစွန့်ခွာ၍မရခြင်းများ နှင့် နေထိုင်နေသော အိမ်ရာ၊မြေယာနှင့် ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း နှင့် (သို့မဟုတ်) လုယက်ခြင်းများပါဝင်သော အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာ ပြန်လည်အပ်နှင်းခြင်း ဆုံးဖြတ်ချက်များနှင့် တရားစီရင်ချက်များကို လေးစားလိုက်နာမှုမရှိသော တရားဥပဒေအရ အကျိုးဆက်များအသိပေးရန် ရည်ရွယ်သော လူထုသတင်းအချက်အလက်ပေးသည့် လှုပ်ရှားမှုများကို အကောင်အထည်ဖော်သင့်သည်။

## ၂၁. လျော်ကြေးပေးအပ်ခြင်း

၂၁.၁ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူအားလုံးတွင် ပြန်လည်အပ်နှင်းခြင်းလုပ်ငန်းစဉ်ရှိ ပြည့်ဝစုံလင်စေရန် အစိတ်အပိုင်း တစ်ခုဖြစ်သော ပြည့်ဝပြီးထိရောက်သောလျော်ကြေးရယူပိုင်ခွင့်ရှိသည်။ လျော်ကြေးပေးအပ်ခြင်းသည် ငွေကြေးပေးအပ်ခြင်းဖြစ်နိုင် သလို မေတ္တာပြခြင်းလည်းဖြစ်နိုင်သည်။ နိုင်ငံတော်သည် တရားမျှတခြင်းကိုပြန်လည်ရယူသောနိယာမကိုလိုက်နာစေရန်အတွက် ဥပဒေအရ

လျော်ကြေးရသင့်ရထိုက်ခြင်းကိုဥပဒေအရပြန်လည်အပ်နှင်းခြင်းသည်အမှန်တကယ်ပင်မဖြစ်နိုင်တော့သော အခါ သို့မဟုတ် ထိခိုက်ခံရသောသူသည် ပြန်လည်အပ်နှင်းခြင်းနေရာတွင် လျော်ကြေးကို သိလျက်ဖြစ်စေ မိမိသဘောဆန္ဒအရဖြစ်စေ လက်ခံသောအခါ သို့မဟုတ် ညှိနှိုင်းဆောင်ရွက်သော ငြိမ်းချမ်းရေးအခြေချမှု ကျေအေးခြင်းသည် ပြန်လည်အပ်နှင်းခြင်းနှင့် လျော်ကြေးပေးအပ်ခြင်း ကိုပေါင်းစပ်ရန်အတွက်ပေးသောအခါ၌သာ အသုံးပြုသင့်ကြောင်းကို သေချာစေသင့်သည်။

၂၁.၂ နိုင်ငံတော်သည် စည်းမျဉ်းစည်းကမ်းအရ ပြန်လည်အပ်နှင်းခြင်းကို အိမ်ရာ၊ မြေယာနှင့် (သို့မဟုတ်) ပစ္စည်းဥစ္စာများဖျက်ဆီးခြင်းခံရသောအခါ သို့မဟုတ် လွတ်လပ်သော သမာသမတ်ကျသော သမာဓိခုံအဖွဲ့မှ ဆုံးဖြတ်လိုက်သောကြောင့် ထိုအရာသည်လုံး၀ မရှိသောအခါ မျိုးတွင်ဖြစ်သောကိစ္စရပ်များကဲ့သို့သော သာမန်ထက်ထူးခြားသောအခြေအနေများတွင်သာ အမှန်တကယ်ပင်မဖြစ်နိုင်သောအခြေအနေဟု မှတ်ယူသင့်ကြောင်းကို သေချာစေသင့်သည်။ ထိုကဲ့သို့သောအခြေအနေမျိုးအောက်တွင်ရှိသော်လည်း အိမ်ရာ၊ မြေယာနှင့်(သို့မဟုတ်)ပစ္စည်းဥစ္စာအခွင့်အရေးရှိသူတွင် ဖြစ်နိုင်ပါက ပြင်ဆင်ရန် သို့မဟုတ် ပြန်လည်တည်ဆောက်ရန် ရွေးချယ်ခွင့်ရှိသင့်သည်။ အချို့သောအခြေအနေများတွင် လျော်ကြေးပေးအပ်ခြင်းနှင့် ပြန်လည်အပ်နှင်းခြင်းကို အဖြစ်သင့်အဖြစ်ထိုက်ဆုံး ဥပဒေအရရသင့်ရထိုက်သည်ကို ပြန်လည်ရယူခြင်းနှင့် တရားမျှတမှုကို ပြန်လည်ရယူသည့်ပုံစံဖြစ်နေပါသည်။

# အခန်း ၆ - နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သော နိုင်ငံတကာအသိုင်းအဝန်းများ၏ အခန်းကဏ္ဍသည့် ပြည့်ဝစုံလင်သော

## ၂၂။ နိုင်ငံတကာအသိုင်းအဝန်း၏တာဝန်ဝတ္တရားများ




ဓါတ်ပုံ (ဂျိုစဲအရာဇာ) -ဘားအံ၊ ကရင်ပြည်နယ်၊ မြန်မာနိုင်ငံ

၂၂.၁ နိုင်ငံတကာအသိုင်းအဝန်းများသည် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာများ ပြန်လည်အပ်နှင်းခြင်း အခွင့်အရေးများ ထို့အတူပင် လုံခြုံစွာနှင့်ဂုဏ်သိက္ခာရှိစွာမိမိသဘောအတိုင်းနေရပ်ပြန်ခွင့်ကို မြှင့်တင် ကာကွယ်ပေးသင့်ပါသည်။

၂၂.၂ အဖွဲ့ဝင်သို့မဟုတ်အကူအညီပေးသောနိုင်ငံများပါဝင်သော နိုင်ငံတကာငွေကြေးပိုင်းဆိုင်ရာ၊ ကုန်သွယ်မှုဆိုင်ရာ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှင့်အခြားသော ဆက်စပ်သော အဖွဲ့အစည်းများနှင့် အေဂျင်စီများ သည် ထိုကဲ့သို့သောအလုပ်အဖွဲ့များထဲတွင် မဲပေးပိုင်ခွင့်ရှိသဖြင့် တရားမဝင် သို့မဟုတ် စိတ်သဘောမပါဘဲ ရွှေ့ပြောင်းသွားလာမှုကိုတားမြစ်ခြင်းနှင့် အထူးသဖြင့် နိုင်ငံတကာ လူအခွင့်အရေး ဥပဒေနှင့် ဆက်စပ်သောစံနှုန်းများကို အတင်းအကြပ်နှင်ထုတ်မှုလုပ်ဆောင်မှုများအပေါ် အပြည့်အဝတာဝန်ခံမှုများ ကိုယူသင့်ပါသည်။

၂၂.၃ နိုင်ငံတကာအဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရနှင့် အလုပ်လုပ်သင့်ပြီး နိုင်ငံတွင်းရှိ အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာများကို ပြန်လည်အပ်နှင်းခြင်းတိုးတက်မှု မူဝါဒများနှင့် အစီအစဉ်များအပေါ်တွင် ကျွမ်းကျင်မှုကို မျှဝေရန်နှင့် နိုင်ငံတကာ လူ့အခွင့်အရေး၊ဒုက္ခသည်နှင့်လူသားချင်စာနာမှုဆိုင်ရာဥပဒေ နှင့် ဆက်စပ်သောစံနှုန်းများနှင့် သူတို့အံဝင်ခွင်ကျဖြစ်စေရန်ကူညီပေးရမည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် သူတို့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို စောင့်ကြည့်လေ့လာပေးရန် တိုက်တွန်းအားပေးသင့်သည်။

၂၂.၄ ကုလသမဂ္ဂပါဝင်သော နိုင်ငံတကာအဖွဲ့အစည်းများသည် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းများ၊ ယန္တရားများနှင့် တရားဝင်မူဘောင်များတည်ဆောက်ခြင်းအားဖြင့် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်ဆက်စပ်သော ပြင်ဆင်စီမံထားချက်များ ပါဝင်သော ငြိမ်းချမ်းရေးသဘောတူညီချက် နှင့် မိမိသဘောဆန္ဒအတိုင်းနေရပ်သို့ပြန်ခြင်းကိုသေချာစေရန် ကြိုးစားအားထုတ်ပေးသင့်သည်။

၂၂.၅ နိုင်ငံတကာငြိမ်းချမ်းရေးလှုပ်ရှားမှုများသည် ၎င်းတို့အားလုံးကိုခြုံငုံသောလုပ်ပိုင်ခွင့်ကိုအားထုတ်ကြိုးပမ်း ခြင်းဖြင့် ထိုအကြောင်းအရာ နှင့်သင့်လျော်သော အိမ်ရာ။ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း မူဝါဒများနှင့် အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်၍လုံခြုံပြီးတည်ငြိမ်သောပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်ကူညီပေးသင့်သည်၊

၂၂.၆ နိုင်ငံတကာငြိမ်းချမ်းရေးလှုပ်ရှားမှုများသူကိုလုပ်တာဝန်အခြေအနေပေါ်တွင် မူတည်ပြီးပြန်လည်အပ်နှံခြင်းဆုံးဖြတ်ချက်များနှင့် စီရင်ချက်များကိုအတည်ပြုခြင်းအားဖြင့် အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပြန်လည်အပ်နှံခြင်းအခွင့်အရေးများကိုကာကွယ်ရန်ထောက်ခံအားပေးဖို့ အကူအညီတောင်းခြင်း ရယူသင့်ပါသည်။

၂၂.၇ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးလှုပ်ရှားမှုများသည် လောလောဆယ်တွင် အခွင့်အရေးကို ရရှိသူ မရရှိနိုင်သေးသော သို့မဟုတ် မထိန်းချုပ်သေးသော အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပေါ်တွင် သိမ်းပိုက်ခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများကို ရှောင်ကြဉ်သင့်ပြီး သူတို့၏ဝန်ထမ်းများ၊ ထိုအတိုင်းလိုက်လျှောက်လိုက်နာဖို့လိုအပ်ပါသည်။ ထို့အတူပင် နိုင်ငံတကာအဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးလှုပ်ရှား မှုများသည်အလုပ်အဖွဲ့သို့မဟုတ်လုပ်ငန်းစဉ်များသည်သူတို့၏ထိန်းချုပ်မှုအောက်တွင်ရှိပြီး အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာ ပြန်လည်အပ်နှံခြင်းသည် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ကြီးကြပ်ရေးမှူးမှဟန့်တားခြင်းမပြုစေရန်ဖြစ်သည်။

# အခန်း ၇ - ဘာသာပြန်ခြင်း

## ၂၃။ ဘာသာပြန်ခြင်း

၂၃.၁ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းသူများအတွက်အိမ်ရာနှင့်ပစ္စည်းဥစ္စာပြန်လည်အပ်နှင်းခြင်း အပေါ်နိယာမ များကို ကန့်သတ်မှု၊ ပြုပြင်ပြောင်းလဲမှု သို့မဟုတ် တစ်နည်းအားဖြင့် နိုင်ငံတကာလူ့အခွင့်အရေး၊ဒုက္ခသည်နှင့်လူသားချင်းစာနာမှုဥပဒေများနှင့် ဆက်စပ်သော စံနှုန်းများအောက်ရှိ အသိအမှတ်ပြုထားသောအခွင့်အရေးများ နှင့် နိုင်ငံတွင်းဥပဒေအောက်တွင် အသိအမှတ်ပြုထားသော အဆိုပါဥပဒေများနှင့်စံနှုန်းများနှင့်လျော်ကန်သောအခွင့်အရေး ကို ဘက်လိုက်မှုများ နှင့်ဘာသာပြန်ခြင်းမရှိစေရေ။

*Designed in Australia by*

*arteriastudio.com.au*

DISPLACEMENT SOLUTIONS

NORWEGIAN REFUGEE COUNCIL

WWW.DISPLACEMENTSOLUTIONS.ORG

WWW.NRC.NO

WWW.UNHCR.ORG

ဤအစီရင်ခံကို UNHCR ၏ငွေကြေးထောက်ပံ့မှုကြောင့် လုပ်ဆောင်နိုင်ခဲ့ပါသည်။

ငြင်းဆိုချက်။ ။ ဤထုတ်ဝေမှုတွင်ပါဝင်သော သတင်းအချက်အလက်များကို ပြန်လည်စစ်ဆေးရန် ကြောင်းကျိုးရှိသောကြိုတင်ကာကွယ်မှုအားလုံးကိုကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှတာဝန်ယူသွားမည်ဖြစ်သည်။ သို့ရာလည်း ပုံနှိပ်ထုတ်ဝေသောစာရွက်စာတမ်းများကို ဖြန့်ဝေရာတွင် ဖော်ပြခြင်းဖြစ်စေ သွယ်ဝိုက်ညွှန်းဆိုးခြင်းဖြစ်စေ တစ်မျိုးမျိုးအတွက် အာမခံချက်မရှိပေ။ ဘာသာပြန်ဆိုခြင်းအတွက် တာဝန်ဝတ္တရားနှင့် စာရွက်စာတမ်းများကို အသုံးပြုခြင်းသည် စာဖတ်သူအပေါ်တွင်မူတည်သည်။ ဤစာရွက်စာတမ်းကိုအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများကို UNHCR မှတာဝန်ယူမည်မဟုတ်ပါ။